ကွယ်လွန်သူ

ဖခင်ကြီး ဦးမောင်ကောက်နှင့် သားထွန်းထွန်းဦး


အား ရည်စူး၍ ဇနီး ဒေါ်လှမြင့်နှင့်

သားသမီးမြေး တစုကောင်းမှု

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင် ရနိုင်ပါသည်။
ဖုန်း - ၅၄၁၈၆၀ , ၇၂၅၁၃၂

http://www.thitsarparamisociety.com/




# နာမ်ရုပ်ကြောင့်လဲ ဝိညာဏ်ဖြစ်တယ်

(ရှင်သာရိပုတ္တရာ နှင့် ရှင်ကောဋ္ဌိက)

( ၂၀ ၊ ၆ ၊ ၆၁ )

၆၉

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာ (၄)ပါးတရားတော်
အမှတ်စဉ်( ၁၁ ) မှ ထုတ်နှုတ်ပုံနှိပ်ပါသည်။

http://www.thitsarparamisociety.com/

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# နာမ်ရုပ်ကြောင့်လဲဝိညာဏ်ဖြစ်တယ်

(ရှင်သာရိပုတ္တရာနှင့်ရှင်ကောဋ္ဌိက)
(၂၀-၆-၆၁)

ဒကာ, ဒကာမတွေ ကိုယ့်ကိုယ်ကိုယ် အဖိုးတန်အောင် ဝေဖန်တတ်တဲ့ ဉာဏ်ကလေးဟာလဲ အရေးကြီးတယ်ဆိုတဲ့ဥစ္စာ မောင်နိုင်တို့ မှတ်ရမယ်နော် . . . (မှန်ပါ့)။

ကိုယ့်ကိုယ် ကိုယ်အဖိုးတန်တာကို သိထားမှလဲ ကိုစော မောင် ဝေဖန်တတ်တယ်၊ နို့မဟုတ်လို့ရှိရင်ဖြင့် ကိုယ့်ကိုယ် ကိုယ်အဖိုးတန်တယ်၊ မတန်တယ်မသိလို့ရှိရင်လဲ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ . . . တဲ့၊ လုပ်မိလုပ်ရာ ပြုမိပြုရာ၊ သွားမိ သွားရာ ဆိုသလို ဖြစ်ပြီးသကာလ နေတတ်ကြပါတယ် . . (မှန် ပါ့) ဒါကြောင့် သာသနာတွင်း သာသနာပသိဖို့ အရေးကြီးတယ် ကွာ . . တဲ့ . . . (မှန်ပါ့)။

http://www.thitsarparamisociety.com/


မောင်နိုင် ဘာအရေးကြီးသလဲ . . . (သာသနာတွင်း သာသနာပ သိဖို့အရေးကြီးပါတယ်ဘုရား) သာသနာတွင်း သာသနာပသိဖို့ အရေးကြီးသကွ။

ဒကာဒကာမတို့ သာသနာတွင်းနဲ့ သာသနာပသိဖို့ အရေးကြီးတယ် (မှန်ပါ့) သာသနာတွင်းနဲ့ သာသနာပဆိုတာ ဘာတုံး. . . လို့ မေးတဲ့အခါကျလို့ရှိရင်ဖြင့် . . တဲ့၊ သာသနာပ မှာ ကမ္မဿကတာဉာဏ်နဲ့ လမ်းဆုံးသဟေ့ . . ကိုစောမောင် မှတ်မိပလား . . . (မှတ်မိပါပြီ) သာသနာပမှာ (ကမ္မဿကတာ ဉာဏ်နဲ့ လမ်းဆုံးပါတယ်ဘုရား)။

ကမ္မဿကတာဉာဏ်ဆိုတာက ဦးဘရှင်းတို့ မှတ်စရာက ကိုပေါ်တို့မှတ်စရာက ကောင်းတာလုပ်တာပဲကွာ၊ ကောင်းကျိုး တော့ပေးရမှာပေါ့၊ ကိုယ်လုပ်လို့ ကိုယ်ရတာပေါ့၊ ဒီလို လှူမှု တန်းမှု ပေးမှု ကမ်းမှုတွေပေါ့ဗျာ၊ ကိုယ်လုပ်ရင် ကိုယ်ရတယ်လို့ ကိုဝတို့ ထင်တာတွေ . . . (မှန်ပါ့)။

ဒါနလုပ်လဲ ကိုယ်လုပ် ကိုယ်ရတာပေါ့ကွ၊ သီလဆောက် တည်လဲ ကိုယ်လုပ် ကိုယ်ရတာပေါ့ကွ၊ ဒါတွေကတော့ကို . . . တဲ့၊ ကမ္မဿကတာဉာဏ်လို့ ဒကာကြီးလှိုင် မှတ်စမ်း . . . (မှန် ပါ့) အဲဒါက သာသနာပ တရားတွေကွ . . . (မှန်ပါ့)။

ကိုဝ ဘာတရားတဲ့တုံး . . . (သာသနာပ,တရားပါ ဘုရား) သာသနာပ တရားတွေလို့ ဒကာဒကာမတွေက မှတ်

http://www.thitsarparamisociety.com/


ထားလိုက်စမ်းပါ၊ ကိုယ်လုပ်ကိုယ်ရတယ်လို့ ဆိုပြီးသကာလ . . . လှူကြ၊ ပေးကြ၊ ကမ်းကြတာကနော် . . (မှန်ပါ့)။

နို့ သူလုပ် သူမရဘူးလားလို့ မေးတော့လဲရတယ်၊ သို့သော်လဲ . . . တဲ့၊ ငါဘုရား သေသေချာချာဟောမယ်၊ ဒါ သာသနာ့ပ,တရားတွေကွ-တဲ့ . . ၊ ဦးဘရှင်း ဘာတဲ့တုံး . . . (သာသနာ့ပ,တရားပါဘုရား)။

ငါကိုယ်တိုင် ဝေလာမပုဏ္ဏားကြီးဖြစ်ပြီး သကာလ ရွှေခွက်ပေါင်း ရှစ်သောင်းလေးထောင်ထဲ ငွေအပြည့်ထည့်ပြီး သကာလ မလှူဘူးတဲ့ အလှူမရှိအောင် ရှစ်သောင်းလေးထောင် အလှူ လှူဖူးပါတယ်ကွာ. . . တဲ့ (မှန်ပါ့) သာသနာ့ပမှာ လှူဖူးပါတယ် . . . တဲ့။

## ကမ္မဿကတာဉာဏ်နဲ့ပဲ လမ်းဆုံးနေတယ်

အဲဒါဟာ ကမ္မဿကတာဉာဏ်နဲ့ပဲ လမ်းဆုံးနေပါတယ်တဲ့၊ ဘယ့်နှယ်ကြောင့် ကမ္မဿကတာဉာဏ်နဲ့ လမ်းဆုံးနေပါလိမ့်မတုံးဆိုတော့ ကိုဝတို့ကိုပေါ်တို့ကမှတ်၊ လက္ခဏာရေးသုံးပါးမပါဘူးတဲ့ . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဩော် . . . ဒါဖြင့် ကိုစောမောင် ကမ္မဿကတာဉာဏ်က ခင်ဗျားတို့ပဲ လှူတန်းပေးကမ်းလာတာပဲ၊ လက္ခဏာရေးသုံးပါး ပါသေးသလား . . . (မပါ,ပါဘုရား)။

လက္ခဏာရေးသုံးပါးကကွာ . . . တဲ့၊ သာသနာတွင်းမှ ပေါ်သကွတဲ့၊ စာလိုသုံးတော့ သစ္စာနုလောမိကဉာဏ်ပဲ (မှန်ပါ့) စာလိုသုံးတော့ . . . သစ္စာနုလောမိကဉာဏ်ပဲ (မှန်ပါ့) စာလိုသုံးတော့. . . (သစ္စာနုလောမိကဉာဏ်ပါဘုရား)။

သစ္စာက သစ္စာ၊ အနုလောမိက-က လျော်တာ၊ သစ္စာကို ကျေးဇူးပြုမည့်ဉာဏ် (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

သာသနာပမှာ ကိုစောမောင် ကမ္မဿကတာဉာဏ်မှာ လမ်းဆုံးတယ် . . . (မှန်ပါ့) သာသနာတွင်းတရားကတော့ သစ္စာနုလောမိကဉာဏ်မှ သာသနာတွင်းတရားလို့ မှတ်လိုက်ပါ . . . (မှန်ပါ့) ဒါ သေသေချာချာ မှတ်မှနော် . . . (မှန်ပါ့) သေသေချာချာမှတ်ပါ ခင်ဗျားတို့။

ကမ္မဿကတာဉာဏ်ကတော့ ကိုစောမောင် ဘာတဲ့ (သာသနာပ တရားပါဘုရား) သစ္စာနုလောမိက ဉာဏ်ကတော့ . . . (သာသနာတွင်းတရားပါဘုရား)။

ကဲ. . . ဒါဖြင့် ဘုန်းကြီး နေ့တိုင်း ဆုံးမပြီးသကာလ ကိုဝတို့ ကိုပေါ်တို့ကို ဆုံးမပြီးတော့နေတာ ခန္ဓာကိုယ်ထဲမှာ ဟော့ . . . ဖြစ်မှု ပျက်မှုဆိုတဲ့ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာရှိတယ်ကွာ . . . ဒါကလေးဖြင့် သမာဓိတည်း ဟူသော ချုံကိုအောင်းပြီးသကာလ ဉာဏ်တည်းဟူသော ကျားနဲ့ချောင်းဖမ်းစမ်းပါဆိုတာ မနေ့ကပဲ ပြောခဲ့ပါတယ် . . . (မှန်ပါ့)။

http://www.thitsarparamisociety.com/


ဒါက ဘာဉာဏ်ပါလိမ့်မတုံး (သစ္စာနုလောမိကဉာဏ်ပါဘုရား) ဒါ သာသနာတွင်းတရား . . . (မှန်ပါ့)။

မောင်နိုင် ရှင်းသွားပလား . . . (ရှင်းသွားပါပြီဘုရား)။

ခုနင်က ဝိပဿနာအလုပ်က တိုတိုပြောကြပါစို့ ဝိပဿနာအလုပ်က ဘာတရားပါလိမ့် . . . (သစ္စာနုလောမိက တရားပါဘုရား) သာသနာတွင်းတရား။

ဒကာဒကာမတို့ ဝိပဿနာအလုပ်က . . . (သာသနာတွင်းတရားပါဘုရား) ကမ္မဿကတာဉာဏ် အလုပ်က (သာသနာပ တရားပါဘုရား)။

သာသနာပ·တရားဆိုတာကော သေချာပလား (သေချာပါပြီဘုရား)။

## သာသနာတွင်းတရားက ဘာထူးခြားသတုံး

ကောင်းပြီ. . . တဲ့၊ သာသနာတွင်းနဲ့ သာသနာပ ဘာထူးခြားသတုံး ဆိုတော့ လက္ခဏာရေးသုံးပါး မပါတာနဲ့ ပါတာထူးတယ် . . . (မှန်ပါ့)။

ထူးကြပလား ဒကာဒကာမတို့. . . (ထူးပါတယ်ဘုရား)။ လက္ခဏာရေးသုံးပါး ပါတာနဲ့ (မပါတာ ထူးပါတယ်ဘုရား) မပါတာ ထူးတယ်ဆိုတော့ ဪ . . . သာသနာပမှာ လက္ခဏာရေးသုံးပါးဆိုတာ သစ္စာနုလောမိကဉာဏ် ကိုဝ ကွယ်ပြီ . . .

http://www.thitsarparamisociety.com/


(မှန်ပါ့) ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား) သာသနာတွင်း ကျတော့ သစ္စာနုလောမိကဉာဏ် ပေါ်လာတယ် . . . (မှန်ပါ့)။

သစ္စာမသိဘဲနဲ့ ဘယ်သူမှ သောတာပန် သကဒါဂါမ် အနာဂါမ်တည်ပြီး နိဗ္ဗာန်မြင်နိုင်တဲ့ စွမ်းရည်သတ္တိရှိပါ့မလား (မရှိပါဘုရား)။

မရှိနိုင်တော့ကို . . . ဒကာဒကာမတွေက လေးလေး စားစားမှတ်ရမှာက ဒို့ဟာ ကိုယ့်အနေအထိုင် ကိုယ်ကြည့်လိုက်ပါ၊ သာသနာတော့ဖြင့် ရှိနေတာ သူ့ဟာသူရှိနေတာပဲ၊ ငါ့စိတ်ထား၊ ငါနေပုံ၊ ငါ့အလုပ်တွေက သာသနာတွင်း အလုပ်ပဲလား၊ သာသနာပ အလုပ်ပဲလားဆိုတာ ကိုယ့်ဟာကိုယ် ဝေဖန်နိုင်ဖို့ ကိုစ, ပြီးပြောပါတယ် . . . (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ကိုဝ နေရာကျပြီနော် . . . (ကျပါပြီဘုရား) ဒါ မဝေဖန် သင့်ဘူးလား . . . (ဝေဖန်သင့်ပါတယ်ဘုရား) ဝေဖန်ရမယ်တဲ့ ဘုရားက. . . ။

ဝေဖန်လိုက်တဲ့အခါကျတော့ သာသနာပ,တရားကကွာ တဲ့ အတ္တဒိဋ္ဌိ ပရမာသကတ္တာ တဲ့၊ ဒိဋ္ဌိမပြုတ်ဘူးဟေ့-တဲ့ (မှန်ပါ့ ဘုရား)။

မောင်နိုင် ကမ္မဿကတာဉာဏ်က . . . (ဒိဋ္ဌိမပြုတ်ပါ ဘုရား) ဒိဋ္ဌိမပြုတ်ဘူး။

http://www.thitsarparamisociety.com/


## ငါလုပ်ငါရတယ်ဆိုတာ သာသနာပတရား

ဒါဖြင့် ဒကာဒကာမတို့ ကမ္မဿကတာဉာဏ်ဆိုတဲ့ လှူမှု၊ တန်းမှု၊ ပေးမှု ကမ်းမှု ငါလုပ်ရင် ငါရတယ်ဆိုပြီး ယုံကြည်ပြီး သကာလ ခင်ဗျားတို့ ကံ-ကံ၏အကျိုးကို ယုံကြည်ပါကုန်သည် ဖြစ်၍ဆိုတဲ့ စကားဟာက ကိုစောမောင် ဘာကိုဆိုတာထင်သ တုံး . . . (သာသနာပ,တရားပါဘုရား) ကမ္မဿကတာဉာဏ်ကို ဆိုတယ် . . . (မှန်ပါ့)။

ကံ-ကံ၏အကျိုးကို ယုံကြည်ပါကုန်သည်ဖြစ်၍ ဆိုပြီး သကာလ.ခင်ဗျားတို့ကြားနေတဲ့ တရားသံတွေက ဘာတရားတုံး . . . ဆိုလို့ရှိရင် ကိုစောမောင် ရိပ်မိပလား . . . (ရိပ်မိပါပြီ) ဘာပါလိမ့်. . . (ကမ္မဿကတာဉာဏ်ပါဘုရား) ဒါဖြင့် သူဟာ သာသနာတွင်းလား၊ သာသနာပလား. . . (သာသနာပပါဘုရား) ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

ဘာကြောင့် သူ့ကို သာသနာပလို့ သုံးရပါလိမ့်မတုံး . . ဆိုတော့ အတ္တဒိဋ္ဌိ ပရမာသကတ္တာ. . . တဲ့၊ ငါလုပ်ငါရတယ်လို့ သူ့အထဲမှာ ငါမစွန့်ဘူးကွ-တဲ့ (မှန်ပါ့) စွန့်သေးရဲ့လား (မစွန့်ပါ ဘုရား)။

မစွန့်တော့ ဒိဋ္ဌိခံနေတယ်ကွာ. . . တဲ့၊ ဒါကြောင့် နိဗ္ဗာန် မရဘူး . . . (မှန်ပါ့) သာသနာပတရား ဖြစ်သွားပြီ . . . (မှန်ပါ့) ငါလုပ်ရင် ငါရတယ်လို့ သူယူထားတာကိုး . . . (မှန်ပါ့)။

http://www.thitsarparamisociety.com/


နို့. . . ယုံကြည်ပါကုန်သည်ဖြစ်၍ဆိုရင် ကိုယ်လုပ်ရင် ကိုယ် ရတယ်လို့ ယုံကြည်ပါကုန်သည်ဖြစ်၍ပဲ ကိုစောမောင်ရဲ့ . . . (မှန်ပါ့) မယုံကြည်ဘူးလား . . . (ယုံကြည်ပါတယ်ဘုရား)။

ယုံကြည့်တော့ ကိုယ်လုပ်ရင် ဘာတဲ့တုံး . . . (ကိုယ် ရပါတယ်ဘုရား)။

ဒါဖြင့် ကဲ. . . ဦးဘရှင်းတို့ကလဲ ဩော် . . . ဒီဥစ္စာ ငါပြုတ်မပြုတ် . . . (မပြုတ်ပါဘုရား) မပြုတ်ရင် အတ္တဒိဋ္ဌိ ပါ, မပါ (ပါပါတယ်ဘုရား)။

ဒါဖြင့် ဒီဥစ္စာသည် သာသနာပတရား ဖြစ်နေသော ကြောင့် အတ္တဒိဋ္ဌိ မပြုတ်တဲ့အတွက် ကိုဝ နိဗ္ဗာန် မရနိုင်ဘူး (မှန်ပါ့) သုဂတိတော့ဖြင့် (ရပါတယ်ဘုရား) မှတ်မိကြပလား (မှတ်မိပါပြီ)။

## သစ္စာနုလောမိကဉာဏ်ဆိုတာ

ဩော် . . . ဒီဥစ္စာလဲ ဝေဖန်ဟောမည့်သူ မရှိလို့ရှိရင် ဖြင့် ကိုစောမောင်-သွားပြီ . . . (သွားပါပြီ) သာသနာတွင်း တရားဆိုတာကတော့ကို-တဲ့၊ သစ္စာနုလောမိကဉာဏ် ရမှ၊ သစ္စာ နုလောမိကဉာဏ်ဆိုတာ ဘာတုံး. . . လို့ မေးတဲ့အခါကျတော့ ဒကာဒကာမတို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ ဥစ္စာမှတ်လိုက်စမ်း ပါ၊ ဒီဥစ္စာသည် အနိစ္စလဲ ဒုက္ခသစ္စာ၊ အနတ္တလဲ ဒုက္ခသစ္စာ၊

http://www.thitsarparamisociety.com/

ဒုက္ခလဲ ဒုက္ခသစ္စာပဲ သူတို့က ပွားများလိုက်တဲ့ အခါကျတော့ ကိုစောမောင် အထက်တက်ပြီး တကယ့်သစ္စာအစစ်ကို မသိဘူး လား (သိပါတယ်ဘုရား)။

သူကတော့ တကယ့်အသိနဲ့ မဂ်ဉာဏ်အသိနဲ့သွားပြီး မဂ်ဉာဏ်သိကို ကျုပ်တို့လက္ခဏာရေးသုံးပါးဆိုတဲ့ ဉာဏ်က သွားပြီး ကျေးဇူးမပြုလိုက်ဘူးလား (ပြုလိုက်ပါတယ်ဘုရား) ပြု လိုက်တော့သူကတော့ သစ္စာသိတဲ့ဉာဏ်ကို သွားပြီးကျေးဇူးပြု သောကြောင့် သစ္စာနဲ့လျော်သောကြောင့် သစ္စာနုလောမိကဉာဏ် (မှန်ပါ့) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

သစ္စာနုလောမိကဉာဏ် ဆိုတာသည် ခင်ဗျားတို့ အခု လုပ်ခိုင်းနေတဲ့ ဖြစ်ပျက်အလုပ်ဟာ ကိုစောမောင် ဘာထင်သတုံး . . . (သစ္စာနုလောမိကဉာဏ်ပါဘုရား)။

တစ်ခါလုပ်ထားတဲ့အခါကျတော့ ဉာဏ်အတိုင်း တက် သွားမယ်ဆိုလို့ရှိရင် ဖြစ်ပျက်တွေမြင်လို့ ဖြစ်ပျက်တွေ မုန်းလို့ ဖြစ်ပျက်တွေသည်ကား . . . လို့ဆိုရင် ဒုက္ခသစ္စာအစစ်ပဲ ဆိုတဲ့ ဆီကျအောင် ဉာဏ်က မတက်ပေဘူးလား . . . (တက်ပါတယ် ဘုရား) ဒါဖြင့် လက္ခဏာရေးသုံးပါးက သစ္စာကျေးဇူးပြုတယ် . . . (မှန်ပါ့)။

ဦးဘကလေး ဘာတဲ့တုံး . . . (သစ္စာကျေးဇူးပြုပါတယ် ဘုရား) သစ္စာကိုကျေးဇူးပြုသောကြောင့် လက္ခဏာရေးသုံးပါး

ကတော့ကိုတဲ့၊ သစ္စာကျေးဇူးပြုသောကြောင့် (မှန်ပါ့) သစ္စာကျေးဇူးပြု လိုက်ရင်လဲ ဒီသစ္စာကို မှန်မှန်ကန်ကန် သိသွားတော့ ဦးဘရှင်းတို့က ငါ့ဟာလို့ လုပ်ချင်သေးရဲ့လား(မလုပ်ချင်ပါဘုရား) မလုပ်ချင်တော့ သူက ငါပြုတ်တယ်ဟေ့. . . (မှန်ပါ့) ကိုဝ ဘာတဲ့ . . . (ငါပြုတ်ပါတယ်ဘုရား)။

ကိုယ့်ကိုယ်ကြီးကို ဒုက္ခသစ္စာလို့ ဖြစ်တာပျက်တာကလေးတွေ ဒုက္ခသစ္စာဖြစ်ပျက်ကလေးတွေသည်ကားလို့ ဆိုရင် အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတာလဲ စင်စစ်တော့ဖြင့် ဒုက္ခသစ္စာပဲ ဆိုတဲ့ဆီ ဉာဏ်က မရောက်ပေဘူးလား . . . (ရောက်ပါတယ်ဘုရား) ရောက်တော့ ငါရချင်တယ်ဆိုတဲ့ဒိဋ္ဌိဝင်ပေါက်ပေးသေးရဲ့လား . . . (မပေးပါဘုရား)။

မပေးတော့ လက္ခဏာရေး သုံးပါးသည် ဒကာဒကာမတို့ မှတ်လိုက်စမ်းပါတဲ့၊ တကယ့် ဒုက္ခသစ္စာကို ကျေးဇူးပြုတဲ့တရား . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

လက္ခဏာရေးသုံးပါးသည် . . . (တကယ့် ဒုက္ခအစစ်ကို ကျေးဇူးပြုတဲ့တရားပါဘုရား)။

ဒါဖြင့် တကယ့် ဒုက္ခသစ္စာအစစ်ကို ကျေးဇူးပြုလိုက်တော့ ဒုက္ခသစ္စာပိုင်ပိုင်နိုင်နိုင်သိရင် မဂ်ရတာပဲ (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ)။

http://www.thitsarparamisociety.com/


## ဘယ်ဉာဏ်ရအောင်လုပ်နေတာတုံး

ဒါဖြင့် လက္ခဏာရေးသုံးပါးသည် သစ္စာနုလောမိက ဉာဏ်လို့ ဦးဘရှင်းက မှတ်လိုက်ပါ . . . (မှန်ပါ့)။

ခင်ဗျားတို့လုပ်နေတာ နေ့တိုင်း တစ်နေ့ တစ်နာရီထိုင်ထိုင် နှစ်နာရီထိုင်ထိုင် ကိုယ့်အခန်းထဲ ကိုယ်လုပ်နေတာ ဘယ်ဉာဏ်ရအောင် လုပ်နေကြတာပါလိမ့်မတုံး . . . (သစ္စာနုလောမိကဉာဏ်ရအောင် လုပ်နေကြတာပါဘုရား)။

ဒီ . . . သစ္စာနုလောမိကဉာဏ်ကို ရအောင်လုပ်နေတော့ ဒီအတိုင်း ပွားများသွားလို့ရှိရင်ဖြင့် သစ္စဉာဏ်ကော မရောက်ပေဘူးလား . . . (ရောက်ပါတယ်ဘုရား)။

ဩော်-ဒါကဖြင့် ငါတပ်လို့လဲမရ ကိုစောမောင် (မှန်ပါ့) ဒီသစ္စာသိသွားတော့ အနိစ္စကို ဘယ်သူလိုချင်သေးသတုံး (ဘယ်သူမှမလိုချင်ပါဘုရား) အနိစ္စကို ငါ့ဟာဘယ်သူလုပ်ချင်သေးသတုံး (မလုပ်ချင်ပါဘုရား) မလုပ်ချင်တာတွေ ထောက်ကြည့်လိုက်တော့မှ သူက အတ္တဒိဋ္ဌိပြုတ်သည် . . . (မှန်ပါ့)။

ကမ္မဿကတာ ဉာဏ်ကတော့ ငါလုပ်တာငါရမှာပဲ ဆိုပြီး သကာလ ငါစွဲတာက ကိုစောမောင် ပျောက်ကဲ့လား (မပျောက်ပါဘုရား) ဒါဖြင့် သူက အတ္တဒိဋ္ဌိမကွာနိုင်ဘူး . . . (မှန်ပါ့) ကမ္မဿကတာဉာဏ်က (အတ္တဒိဋ္ဌိ မကွာနိုင်ပါဘုရား) ဒါ့ကြောင့် နိဗ္ဗာန်မရောက်ဘူး၊ အတ္တဒိဋ္ဌိ မကွာနိုင်လို့ (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

http://www.thitsarparamisociety.com/


ကမ္မဿကတာဉာဏ်က (အတ္တဒိဋ္ဌိ မပြုတ်ပါဘုရား) အတ္တဒိဋ္ဌိမပြုတ်တဲ့အတွက် . . . (နိဗ္ဗာန်မရောက်နိုင်ပါဘုရား)။

နိဗ္ဗာန်ကန့်ကွက်တယ်လို့ မောင်နိုင်တို့ကိုနေ့တိုင်း ဟော နေတာပဲ၊ ပထမမဂ် ကန့်ကွက်တာ . . . ဒိဋ္ဌိ (မှန်ပါ့ဘုရား)။

ပထမမဂ်ကန့်ကွက်တာ (ဒိဋ္ဌိပါဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီ)။

ပထမမဂ်ကန့်ကွက်တာ . . . (ဒိဋ္ဌိပါဘုရား) ဒိဋ္ဌိနော်၊ ငါလုပ်ရင် ငါရတယ်ဆိုတဲ့ ဒိဋ္ဌိ၊ ရုပ်နာမ်ကို ငါထင်တဲ့ဒိဋ္ဌိ၊ ဒါတွေ သည်ကားလို့ဆိုရင် ဒကာဒကာမတို့ ကမ္မဿကတာဉာဏ်က ဘယ်နည်းနဲ့မှ မပယ်နိုင်ဘူး . . . (မှန်ပါ့)။

ကိုစောမောင် ပယ်နိုင်ရဲ့လား (မပယ်နိုင်ပါဘုရား) မပယ် နိုင်တော့ သူဟာဒိဋ္ဌိနဲ့ တွဲမနေဘူးလား (တွဲနေပါတယ်ဘုရား) ဒါဖြင့် ဒိဋ္ဌိနဲ့တွဲတဲ့ဒါန ဒိဋ္ဌိနဲ့တွဲတဲ့သီလဟူသရွေ့သည် နိဗ္ဗာန် ရောက်ပါ့မလားဆိုတော့ သူတွဲထားတာက မရောက်တဲ့တရားနဲ့ တွဲထားတယ် . . . (မှန်ပါ့)။

ဒါ့ကြောင့် နိဗ္ဗာန်ရောက်အောင် မပို့ဘဲနဲ့ သုဂတိနဲ့ပဲ ပြန်နစ်ကြရတယ် . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

နိဗ္ဗာန်ရောက်အောင် မပို့ဘဲနဲ့ . . . (သုဂတိနဲ့ပဲ ပြန်နစ် ကြရပါတယ်ဘုရား)။

သုဂတိနဲ့ပဲ ပြန်နစ်ကြရတယ် ဆိုတာကတော့ ဒါ့ကြောင့် ဘုရားက သာသနာပဆိုတာ . . . (မှန်ပါ့) မပြောသင့်ဘူးလား (ပြောသင့်ပါတယ်ဘုရား)။

ကဲ . . . ဘုရားဟောတော်မူတာ ဒကာဒကာမတို့ ကောင်းကောင်းယုံလား . . . (ယုံပါပြီဘုရား)။

အဲဒီတော့ ဘုန်းကြီးခဏခဏ ပြောနေတယ်လို့လဲ ကိုစောမောင်က မကဲ့ရဲ့ပါနဲ့နော် . . . (မှန်ပါ့) ကျုပ်ဘာလိုသေး သတုံးဆိုတဲ့ လူနဲ့နော် အကျွာကြီး. . . (ကွာပါတယ်ဘုရား)။

ဦးဘရှင်းဘယ့်နှယ်နေသတုံး . . . (ကွာပါတယ်ဘုရား)။

ကျုပ်က ဘာလိုသေးသတုံးဆိုတဲ့ လူက သူလက်ညှိုး ထိုးတာကြည့်လိုက်ရင် ကမ္မဿကတာဉာဏ်ချည့် ထိုးတာပဲ . . . (မှန်ပ့ါ) သူလုပ်ထားတာတွေက ကျောင်းကန်ဘုရား၊ ဘာတွေ လက်ညှိုးထိုးပြောနေသတုံး . . . ဆိုရင် ကိုဝရိပ်မိပါပြီ . . . (ရိပ်မိပါပြီဘုရား)။

သူ ဘာလိုသေးသတုံးမေးတဲ့ဥစ္စာသည် ရေတွင်းပါပြီ၊ ရေကန်ပါပြီ၊ ရဟန်းခံပြီးပြီ၊ ရှင်ပြုပြီးပြီ၊ ဘာလိုသေးသတုံးဆိုတဲ့ ဥစ္စာ ပြောတာသည် ဒါတွေကို သူလက်ညှိုးညွှန်ပြတာပဲ (မှန်ပ့ါ) ဘာဉာဏ်တွေပါလိမ့်. . . (ကမ္မဿကတာဉာဏ်တွေပါဘုရား) ဒိဋ္ဌိပြုတ်ရဲ့လား . . . (မပြုတ်ပါဘုရား)။

မပြုတ်လို့ရှိရင်ဖြင့် သူလိုနေတာ ကိုစောမောင်မသိဘူး၊

http://www.thitsarparamisociety.com/


သူလိုနေတာ သူမသိလို့ပြောတာ. . . (မှန်ပါ) ရှင်းကြပလား . . . (ရှင်းပါပြီ)။

သူလိုနေတာ . . . (သူမသိလို့ပြောတာပါဘုရား) သူမသိလို့ ပြောတာဆိုတော့ ဘုရားကခွဲချလိုက်တော့ သာသနာတွင်းလား သာသနာပလားဟေ့ . . . (သာသနာပပါဘုရား) ပေါ်ကြပြီ. . . (ပေါ်ပါပြီ) သာသနာပတရားဆိုတာရှင်းကြပလား . . . (ရှင်းပါပြီ)။

ကိုင်း . . . ဒါဖြင့် သာသနာတွင်းဖြစ်အောင် ကျုပ်တို့ ဘယ်လို လုပ်မတုံးဆိုတော့ ခန္ဓာဉာဏ်ရောက်ရမယ် . . (မှန်ပါ)။

သာသနာတွင်းဖြစ်အောင် ခန္ဓာဉာဏ် (ရောက်ရပါမယ် ဘုရား) ခန္ဓာဉာဏ်ရောက်ရမယ်နော်၊ ခန္ဓာဉာဏ်ရောက်တဲ့အခါ ကျုလို့ရှိရင်ဖြင့် . . . တဲ့၊ ခန္ဓာကပြောတယ်၊ ခန္ဓာက . . . ကျုပ် သည် ဖြစ်ပြီးပျက်တဲ့ အနိစ္စပါပဲ၊ ကိုပေါ် မပြောဘူးလား . . . (ပြောပါတယ်ဘုရား)။

အဲဒါကလေး ကိုဝတို့က ဉာဏ်ကလေးနဲ့ စောင့်ကြည့် လိုက်တဲ့ အခါကျတော့ ဩော် . . . ငါ့ဟာ မဟုတ်ကြောင်း ထင်ရှားလိုက်တာ . . . (မှန်ပါ) ကိုဝ ငါပြုတ်ပြီ. . . (မှန်ပါ)။

ကိုစောမောင် . . . (ငါ ပြုတ်ပါတယ်ဘုရား) ငါ့ဟာ မဟုတ်ကြောင်း . . . (ထင်ရှားပါတယ်ဘုရား)။

http://www.thitsarparamisociety.com/


## သက္ကာယဒိဋ္ဌိပြုတ်တယ်

ကဲ . . . သာသနာတွင်းကျတော့ ငါပြုတ်တယ် (မှန်ပါ့) သာသနာတွင်းကျတော့ ဒကာဒကာမတို့ . . . (ငါပြုတ်ပါတယ် ဘုရား) ငါပြုတ်သွားတော့ ငါဆိုတာ သက္ကာယဒိဋ္ဌိ (မှန်ပါ့) အဲဒီ သက္ကာယဒိဋ္ဌိပြုတ်တယ် (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

ဒါဖြင့် ဒီဖြစ်ပျက်ဆိုတဲ့ လက္ခဏာရေးသုံးပါးသည် ဒကာ ဒကာမတို့ သစ္စာသိအောင် ဈော်အောင် ကျေးဇူးပြုပါပေရဲ့လား လို့မေးရင် ဘယ့်နှယ်ဖြေကြမလဲ . . . (ကျေးဇူးပြုပါတယ် ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရမယ် . . . (မှန်ပါ့) သစ္စာမြင်ရင် နိဗ္ဗာန်ရ တာကိုး . . . (မှန်ပါ့) ကိုပေါ် ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

နောက်က ဒကာဒကာမတွေ ရင်းနှီးသူတွေမို့ ပြောနေ တယ်၊ အေးစက်စက်နဲ့ တရားကိုမနာပါနဲ့ (မှန်ပါ့) မှတ်မှတ် သားသားကလေးနဲ့ လုပ်ကြပါဆိုတာကိုလဲ သတိပေးရတယ်(မှန်ပါ့)။

နို့မဟုတ်ရင် ကျုပ်တို့တော့ သာသနာတွင်းကြီးလို့ ကံကောင်းလိုက်တာတဲ့ (မှန်ပါ့) သာသနာတွင်း လာပြီးလူဖြစ် ရတော့ ကိုဝ အခြောက်ကြွား ကြွားနေတာရှိသေးတယ် . . . (မှန်ပါ့) သူလုပ်နေတဲ့အလုပ်က ဘာအလုပ်တုံး (သာသနာပ အလုပ်ပါဘုရား) အင်း . . . သူက အခြောက်ကြွားပေါ့ ဒါဖြင့် (မှန်ပါ့)။

http://www.thitsarparamisociety.com/


ဦးဘရှင်း ဒီလိုပုဂ္ဂိုလ်တွေကော ခင်ဗျားတို့ လူထဲ လျှောက်ရှာတော့ မတွေ့ပေဘူးလား . . . (တွေ့ပါတယ်ဘုရား)။

သူက ကျုပ်တို့ သာသနာတွင်းကြီးလို့ဝမ်းသာတယ်၊ သာသနာ နှစ်ထောင့်ငါးရာကျော်မှ မွေးငြားသော်လဲ သာသနာ တွင်းလူဖြစ်ရတယ်ဆိုတော့ တော်တော်သေးရဲ့ဗျာ . . . တဲ့၊ ကိုစောမောင် လာချင်လာပစ်လိုက်မယ် . . . (မှန်ပါ့)။

သို့သော် သူလုပ်နေတဲ့အလုပ်တွေ ဦးဘရှင်းက ဖြစ်စေ၊ ကိုဝတို့ကဖြစ်စေ၊ ဉာဏ်နဲ့ဝေဖန်လိုက်တော့ ကမ္မဿကတာဉာဏ် လောက် သူလုပ်နေတာ . . . (မှန်ပါ့) သစ္စာနုလောမိကဉာဏ်ကို (မလုပ်ပါဘုရား) မလုပ်တော့ သူဟာ . . . တဲ့၊ ဒကာဒကာမတွေ သာသနာတွင်းသားပဲလား၊ သာသနာပသားပဲလား. . . (သာသ နာပသားပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် သာသနာဆိုတဲ့ဉစ္စာသည် . . . အလုပ်ပေါ်မှာ မှီပါတယ် (မှန်ပါ့) သာသနာဆိုတာသည် . . . (အလုပ်ပေါ်မှာ မှီပါတယ်ဘုရား) အလုပ်ပေါ်မှာ မှီတယ်ဆိုတာတော့ ယနေ့ ရှင်း ကြပါပြီ. . . (မှန်ပါ့)။

## သာသနာတွင်း တရားတော်တွေ

ဒါကြောင့် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ဆရာက "ရူပံ နိစ္စံ ဝါ အနိစ္စံဝါတိ" ဆိုတဲ့ ဉစ္စာဟာကွာ . . . တဲ့၊ သာသနာတွင်း မှ ပေါ်လာတဲ့တရားပါ . . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ)။

http://www.thitsarparamisociety.com/

ရုပ်ဟာ နိစ္စလား၊ အနိစ္စလား. . . လို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး မေးမေးနေတာဟာ ကိုစောမောင်တို့ကဘယ်လိုဆိုလေ့ရှိသတုံး . . . (အနိစ္စပါဘုရား)။

အင်း . . . အနိစ္စဖြစ်တဲ့တရားဟာ ဒုက္ခလား၊ သုခလားဆိုတာကော . . . (ဒုက္ခပါဘုရား) အဲဒီ. . . အနိစ္စ၊ ဒုက္ခဖြစ်တဲ့တရားဟာ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဉစ္စာလို့ဆိုနိုင်ရဲ့လား . . . (မဆိုနိုင်ပါဘုရား) အနတ္တပေါ့ဗျာ. . . (မှန်ပါ့)။

ဒါက ကိုဝတို့ကလဲ ကြားဖူးပြီ၊ ဘုရားကမေးတော့မှ သိပြီးသား ရဟန်းတွေက ဖြေကြတာ (မှန်ပါ့) ဒီပြင်အခါမှာ ဒီလိုမေးလို့ ဒီလိုဖြေမည့်သူ မောင်နိုင်က အကဲခတ်စမ်း (မရှိပါဘုရား) ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် သာသနာတွင်း တရားက ဒါပါကလား (မှန်ပါ့) နောက်က ဒကာဒကာမတွေ . . . (သာသနာတွင်း တရားက ဒါပါဘုရား)။

သာသနာတွင်း တရားက "ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ၊ အနိစ္စံ ဘန္တေ" "ယံ ပနာနိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ၊ ဒုက္ခံဘန္တေ" ရဟန်းတွေက ဖြေကြတယ် . . . (မှန်ပါ့) "ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမ ဓမ္မံ၊ ကလ္လံ နုတံ သမနုပဿိတုံ၊ **ဧတံမမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာတိ၊ နော ဟေတံ ဘန္တေ**" ဒါဟာလဲ ငါ့ကိုယ် ငါ့ဟာ ငါ့ဉစ္စာ မဟုတ်ပါဘုရား၊ အနတ္တ၊ ဒုက္ခတရား

http://www.thitsarparamisociety.com/

တွေဟာ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဉစ္စာလို့ ခွဲစရာမရှိပါဘူးလို့ဆိုပြီး ရုပ်နာမ်မြင်တဲ့ သဘောတွေမပြောဘူးလား. . . (ပြောပါတယ် ဘုရား)။

အဲဒါပြောတော့ကိုဒီအမေးနဲ့ဒီအဖြေသည် ကိုစောမောင် ဘုရားမပွင့်ခင်ကတည်းက ရှိခဲ့တာလား၊ ဘုရားပွင့်မှ ရှိလာတာ လား. . . (ဘုရားပွင့်မှ ရှိတာပါဘုရား)။

ဒါဖြင့် ကျုပ်တို့က ဒီအလုပ်ကို "အနိစ္စံဘန္တေ" လို့ ကိုယ့် အနိစ္စကို ဟုတ်ပါတယ်လို့မှ မလိုက်နိုင်သေးလို့ရှိရင် ကျုပ်တို့သည် သာသနာပသား . . . (မှန်ပါ့)။

ကိုယ့်အနိစ္စကို ကိုယ့်ဉာဏ်နဲ့ ဟုတ်ပါပေတယ်လို့ မ လိုက်နိုင်သေးရင် (သာသနာပသားပါဘုရား) ပေါ်ပလား (ပေါ်ပါပြီ ဘုရား)။

ဟုတ်ပါပေတယ်လို့ လိုက်နိုင်ရင် . . . (သာသနာတွင်း သားပါဘုရား) အင်မတန်ကြွားရခဲတဲ့ သဘောပါကလား ဦးလှိုင် တို့ဟာင် . . . (မှန်ပါ့) အင်မတန် ကြွားရခဲတယ်ဆိုတာ ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ကိုယ့်ကိုယ်ကို ဒကာ ဒကာမတွေက အင်း. . . ဟင် . . . သာသနာတွင်းမို့ လှူရ၊ တန်းရပေမယ့်လဲ သာသနာတွင်း လှူရ၊ တန်းရတော့ တယ်ပြီးအကျိုးများတယ်။

ဟုတ်တယ်. . . တဲ့၊ အကျိုးတော့များတယ်၊ နိဗ္ဗာန်

http://www.thitsarparamisociety.com/


မရဘူး (မှန်ပါ့) သူ-တည့်ဦးမှ ရှင်းပလား ဒကာဒကာမတို့ . . . (မှန်ပါ့) သူ-တည့်ဦးမှနော် . . . (မှန်ပါ့)။

သစ္စာနုလောမိကဉာဏ် မတည့်ရင် ကိုစောမောင် သစ္စာ ရပါ့မလား . . . (မရပါဘုရား) သစ္စာမရရင် မဂ်ပေါ်ပါ့မလား (မပေါ်ပါဘုရား) မပေါ်လို့ရှိရင် မဂ်မှ နိဗ္ဗာန်မြင်နိုင်တဲ့ တရားဖြစ်သောကြောင့် နိဗ္ဗာန်ရပါ့မလား . . . (မရပါဘုရား) ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ သုံးခေါက်စေ့အောင်ပဲ ပြောပါ့မယ်၊ ကမ္မဿကတာဉာဏ်ကလေးလောက်နဲ့ တင်းတိမ်နေတဲ့ ပုဂ္ဂိုလ်များသည် သာသနာတွင်းမှာ နေငြားသော်လည်းသာသနာပအလုပ်ကို သူ-အားတက်သရော လုပ်နေတယ်လို့ ကိုဝ ဆုံးဖြတ်ချက်ချ . . . (မှန်ပါ့) ကိုပေါ် သဘောကျပလား (ကျပါပြီ) သာသနာတွင်းအလုပ် သူ့ဉာဏ်ထဲ မရောက်သေးပါဘူးလို့ ဆုံးဖြတ်ချက်ချ . . . (မှန်ပါ့)။

သာသနာတွင်း အလုပ်က ဘာတုံးဆိုလို့ရှိရင်ဖြင့် . . . တဲ့၊ ကိုယ့်ခန္ဓာထဲ ကိုယ့်ဉာဏ်ရောက်ပြီးသကာလ ခန္ဓာအရှိန်နဲ့ ဉာဏ် အသိတို့ ကိုက်မှသာလျှင် ကိုစောမောင် ဘာတုံး . . . (သာသနာတွင်းအလုပ်ပါဘုရား)။

ဒါကြောင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပွင့်လာတော့ တစ်ခါတည်း အနတ္တလက္ခဏာသုတ် ဟောလိုက်တဲ့ အခါ

http://www.thitsarparamisociety.com/


ကျတော့ "ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ၊ အနိစ္စံ ဘန္တေ" ပြန်ပြန် မဖြေကြဘူးလား . . . (ဖြေပါတယ်ဘုရား)။

"ယံ ပနာ နိစ္စံ၊ ဒုက္ခံ ဝါ တံ သုခံ ဝါတိ" ဆိုတော့ ဒုက္ခံ ဘန္တေ ကိုဝ ဒီလိုဖြေကြတယ် မဟုတ်ဘူးလား . . . (မှန်ပါ့)။

"ယံ ပနာ နိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နုတံ သမနုပဿိတုံ၊ ဧတံ မမ၊ ဧသောဟမသ္မိ ဧသော မေ အတ္တာတိ၊ နောဟေတံ ဘန္တေ. . ." လို့ဖြေကြတယ်. . . (မှန်ပါ့)။

ကိုစောမောင် . . . အဲဒါ သောတာပန်တည်ပြီးတဲ့ ပဉ္စဝဂ္ဂီငါးဦးက ဖြေတာ . . . (မှန်ပါ့) မဖြေဘူးလား (ဖြေပါတယ်ဘုရား) ဒီ့ပြင်အခါမှာ ဒီလိုမေးမည့်သူနဲ့ ဒီလိုဖြေတတ်တဲ့ ပုဂ္ဂိုလ်ရှိသလား . . . (မရှိပါဘုရား)။

သာသနာ့ပမှာလေ . . . (မရှိပါဘုရား) ဒါဖြင့် သာသနာ့ပမှာ လက္ခဏာရေးသုံးပါးကွယ်တယ် (ကွယ်ပါတယ်ဘုရား) ကမ္မဿကတာဉာဏ် ကြီးစိုးနေတယ် (မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီဘုရား)။

သာသနာ့ပ ဘယ်သူကြီးစိုးသလဲ . . . (ကမ္မဿကတာဉာဏ် ကြီးစိုးပါတယ်ဘုရား) သစ္စာနုလောမိကဉာဏ်က . . . (ကွယ်ပါတယ်ဘုရား)

http://www.thitsarparamisociety.com/


## ဒါလဲလုပ်ပါ ဒါလဲလက်မလွှတ်နဲ့

ကိုင်း . . . အခု သေသေချာချာ ရေရေလည်လည်ပြော တော့မှ မောင်နိုင်ရှင်းသွားတယ် . . (ရှင်းပါတယ်ဘုရား) ကိုဝတို့ ဘယ့်နှယ်နေသလဲ (ရှင်းပါတယ်ဘုရား) ကျေကျေနပ်နပ် ရှင်း ပလား . . . (ရှင်းပါတယ်ဘုရား)။

အေး . . . ဒါ့ကြောင့် ကမ္မဿကတာဉာဏ်လဲ လုပ်ပါ၊ သစ္စာနုလောမိကဉာဏ်ကိုလဲ လက်မလွှတ်ပါနဲ့ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ)။

ကမ္မဿကတာဉာဏ်ကိုလဲ . . . (လုပ်ရပါမယ်ဘုရား) လုပ်ရမှာပဲ။ ဘုန်းကြီးတို့ ကန့်ကွက်တာ မဟုတ်ဘူး၊ လုပ်ကြ၊ လှူကြ၊ ပေးကြ၊ ကမ်းကြ၊ တန်းကြ သို့သော် . . . သစ္စာနုလော မိကဉာဏ် လက်မလွှတ်နဲ့ . . . (မှန်ပါ့) ရှင်းပလား . . (ရှင်းပါပြီ)။

ဘယ့်နှယ်ကြောင့် ဆရာဘုန်းကြီးက တစ်ခုလဲလုပ်၊ တစ်ခုလဲ လက်မလွှတ်နဲ့လို့ ပြောရပါလိမ့်မတုံးဆိုတော့ နိဗ္ဗာန် မရောက်မှာစိုးလို့ . . . (မှန်ပါ့) ပေါ်ပလား . . . (ပေါ်ပါပြီ)။

## ကမ္မဿကတာဉာဏ်နဲ့ တင်းတိမ်မနေနဲ့

ကမ္မဿကတာဉာဏ်နဲ့ တင်းတိမ်နေလို့ရှိရင်ဖြင့် တရား တစ်ပွဲလုံးက ဆုံးဖြတ်ချက်ချ၊ အတ္တဒိဋ္ဌိ ပါမပါ (ပါပါတယ်

http://www.thitsarparamisociety.com/


ဘုရား)ပါရင် ကိုစောမောင်က ဆုံးဖြတ်ချက်ချ . . . (နိဗ္ဗာန်မရနိုင်ပါဘုရား)။

ဘယ်သူက ကန့်ကွက်သတုံး . . . (ဒိဋ္ဌိက ကန့်ကွက်ပါတယ်ဘုရား) ဒိဋ္ဌိက ဘယ်မဂ်ကန့်ကွက်သတုံး . . . (သောတာပတ္တိမဂ် ကန့်ကွက်ပါတယ်ဘုရား)။

ကိုင်း . . . အရင်ဆုံးရမည့် မဂ်ကို ကန့်ကွက်ချလိုက်တယ်ဆိုတော့ နောက်မဂ်ကျော်ပြီးရတာမျိုး ဟုတ်ကဲ့လား (မဟုတ်ပါဘုရား) ကိုင်း ဒကာဒကာမတွေရှင်းကြပလား . . . (ရှင်းပါပြီ)။

## ဝိပဿနာဉာဏ် ပါရလိမ့်မယ်

ဩော် . . . ဒါဖြင့် တို့သည်ကားလို့ဆိုလို့ရှိရင် သာသနာတွင်းသားဖြစ်အောင် ကမ္မဿကတာဉာဏ် လုပ်တဲ့အခါလဲ ဝိပဿနာဉာဏ် ပါရလိမ့်မယ် . . . (မှန်ပါ့)။

အဲဒါ-ဘုရားက ဘယ်မှာဟောခဲ့သတုံးဆိုတော့ အခုပြောခဲ့တာက ပဏ္ဏာသပါဠိတော်မှာ ဟောတယ်နော် (မှန်ပါ့) အင်္ဂုတ္တိုရ်ပါဠိတော်မှာ ကိုယ်တော်တိုင် ဟောခဲ့တာရှိသေးတယ်။

အင်္ဂုတ္တိုရ် ပါဠိတော်မှာ ကို၀ ကိုယ်တော်တိုင် ဟောခဲ့တာရှိသေးတယ်၊ မင်းတို့ကွာ. . . တဲ့၊ ဒါန၊ သီလတွေ လုပ်ကြတဲ့အခါ

http://www.thitsarparamisociety.com/


မှာ ဝိပဿနာ မခြံရံလို့ရှိရင် အလကား ဒါနနဲ့၊ အလကား သီလပါပဲတဲ့ . . . (မှန်ပါ့) ပေါ်ပလား . . . (ပေါ်ပါပြီ)။

အလကား ဒါနနဲ့ အလကား သီလပါ အဲ. . . သူထိုက်တန်သလောက်တော့ အကျိုးပေးမယ်ပေါ့လေ . . . (မှန်ပါ့) သို့သော် လမ်းဆုံးကို . . . (မပေးနိုင်ပါဘုရား)။

လမ်းဆုံးမပေးနိုင်တော့ဘူးကွ . . . ဆိုတော့ ကိုစောမောင် ပေါ်ပြန်ပြီ . . . (ပေါ်ပါပြီဘုရား)။

"စိတ္တာလင်္ကာရ စိတ္တပရိက္ခာရ ဒါနမေဝ သေဋ္ဌံ" စိတ္တာလင်္ကာရစိတ္တပရိက္ခာရ အဲဒီ လှူတန်းတဲ့အခါမှာ သမထဝိပဿနာ ကလေးမှ မပါလို့ရှိရင် မြတ်ကိုမမြတ်ဘူးကွတဲ့ . . . ဒါ . . . ပါဠိတော်မှာ ကိုယ်တော်တိုင်ဟောပြီ ဒကာကြီးလှိုင် (မှန်ပါ့) ပေါ်ပလား . . . (ပေါ်ပါပြီ)။

## ဝိပဿနာလဲလက်မလွှတ်ပါနဲ့

ဒါဖြင့် ဒကာဒကာမတို့ လှူကြ၊ ပေးကြ၊ ကမ်းကြတာလဲ လုပ်ကြပါ။ ဝိပဿနာ လက်မလွှတ်လိုက်ပါနဲ့ . . . (မှန်ပါ့)။

ဘာတဲ့တုံး . . . (ဝိပဿနာ လက်မလွှတ်ပါနဲ့ဘုရား)

ဝိပဿနာ လက်မလွှတ်ပါနဲ့ဆိုတဲ့ဥစ္စာ ဒကာဒကာမတွေ လှူရကျိုးမနပ်ဘဲ နေမှာစိုးလို့ သစ္စာမမြင်ရင် နိဗ္ဗာန်မဝင်ဘူး . . . (မှန်ပါ့) ပေါ်ပလား . . . (ပေါ်ပါပြီ)။

http://www.thitsarparamisociety.com/


ငါဘုရားကွာ . . . တဲ့၊ တစ်ခါသစ္စသံယုတ်မှာ လာပြန်တယ်၊ ဘုန်းကြီးက ဒီကျမ်းတွေလဲ အမျိုးမျိုးကို မွှေနှောက်ပြီးထားတော့ကို ညှိရတာကိုး‌ဗျ . . . (မှန်ပါ့)။

သစ္စသံယုတ် ပါဠိတော်မှာ ကိုယ်တော်တိုင် ဟောတာကငါ . . . ဒုက္ခသစ္စာကို ကောင်းကောင်းပိုင်ပိုင်နိုင်နိုင် မသိဘဲနဲ့ဒုက္ခချုပ်တဲ့ နိဗ္ဗာန်ရောက်ခဲ့တယ်လို့ ဆိုလို့ရှိရင်ကွာ . . . တဲ့၊ မယုံပါနဲ့။

ငါ သေသေချာချာ ပြောပြမယ်တဲ့၊ မယုံစရာအကြောင်းကို ငါ သေသေချာချာ ပြောပြမယ်တဲ့၊ မောင်နိုင်နော် (မှန်ပါ့) သူကိုင် ထားတဲ့ မီးဒုတ်ကလေးဟာ မီးရှို့ပြီးကိုင်ထားတဲ့ မြက်ရှူးမီးပေါ့ ဦးဘရှင်းရေ . . (မှန်ပါ့) မြက်ရှူးမီးကလေးက ဟောဒီဂင်္ဂါ မြစ်ကြီး ကျပ်ရေခန်းအောင် ရှို့မယ်ဆိုတော့ သူ့မြက်ရှူးကလေး မီးရှို့ထားတာနဲ့ ဟောဒီ ဂင်္ဂါမြစ်ကြီးရေတွေ ခန်းအောင်ဟောဒီ မီးနဲ့ရှို့လိုက်မယ်ဆိုတော့ ကိုဝရေ . . . ယုံပါ့မလား (မယုံနိုင်ပါ ဘုရား)။

မီးသာငြိမ်းမှာပေါ့ . . . (မှန်ပါ့) ဟိုရေတွေကုန်ပါ့မလား (မကုန်ပါဘုရား)။

အဲဒီလိုပဲပေါ့ . . . တဲ့၊ ဒကာဒကာမတို့ ဒီအတိုင်းပါပဲတဲ့၊ ဒုက္ခသစ္စာကို မသိဘဲနဲ့ ငါ၊ ဒုက္ခအဆုံးဖြစ်တဲ့ နိဗ္ဗာန်ရောက်ခဲ့တယ်ဆိုတာများ အနောက်စီးနေတဲ့ ဂင်္ဂါမြစ်ကြီးကို ပေါက်တူးနဲ့

http://www.thitsarparamisociety.com/


တောင်းကလေးယူလာပြီး ဟောဒီမြစ်ကြီးကို ကျပ်သည် အနောက်စီးနေတဲ့မြစ် အရှေ့စီးသွားအောင် တူးမလို့လာခဲ့တယ် ဆိုရင်လဲ ကိုစောမောင်က ယုံမှာလား . . . (မယုံပါဘုရား) သူ့တောင်းကလေးကလဲ သေးသေးနဲ့ . . . (မှန်ပါ့) ပေါက်ပြား ကလေးကလဲ တစ်လက်ထဲနဲ့ ဦးဘကလေး ဘယ့်နှယ်လုပ်ပြီး ယုံမလဲ . . . (မယုံပါဘုရား)။

အဲဒီလို ဒုက္ခကိုမသိဘဲနဲ့ နိဗ္ဗာန်ရခဲ့တယ် . . . ဆိုတဲ့ဥစ္စာ ဘယ်တော့မှ မယုံရစ်ကြနဲ့ ဆိုတဲ့ဥစ္စာ သေသေချာချာမှတ် (မှန် ပါ့) ဒါဖြင့် သစ္စာနုလောမိကဉာဏ်မပါရင် နိဗ္ဗာန်မရဘူး (မရပါ ဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီ) ဘာတဲ့တုံး . . . (သစ္စာ နုလောမိကဉာဏ်မပါရင် နိဗ္ဗာန်မရပါဘုရား)။

## ဂင်္ဂါမြစ်ဥပမာ

နိဗ္ဗာန်မရဘူးဆိုတဲ့ဥစ္စာ ခုနင်က ဂင်္ဂါမြစ်ကြီးကို အနောက်စီးနေတဲ့ဥစ္စာ အရှေ့စီးအောင် တောင်းကလေးတစ်လုံး နဲ့ ပေါက်ပြားတစ်လက်ယူပြီး လူပုံအလယ်မှာ ကြွားနေပြောသော် လဲ ဦးဘရှင်းယုံမလား (မယုံပါဘုရား) ဘာဖြစ်လို့တုံး . . . မဖြစ် နိုင်လို့ပါ၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ထို့အတူပဲ ဒုက္ခသစ္စာကို သိတဲ့ဉာဏ်မရဘဲနဲ့ ငါ ဒုက္ခ

အဆုံးဖြစ်တဲ့ နိဗ္ဗာန်ရောက်ခဲ့တယ်ဆိုရင် ဂင်္ဂါမြစ် မီးရှို့မည့် ပုဂ္ဂိုလ်နဲ့ အတူတူပဲပေါ့ . . . (မှန်ပါ့)။

ဂင်္ဂါမြစ်ကို တူးပြီးနေရာပြောင်းပေးမည့်ပုဂ္ဂိုလ်နဲ့အတူတူ ပဲပေါ့ . . . ကိုဝ မယုံနဲ့ . . (မှန်ပါ့)။

ဒီလောက်ထိအောင် ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ကန့်ကွက်ခဲ့တယ်ဆိုတာကော ကိုစောမောင် ကျကျနနသဘော ကျပလား . . . (ကျပါပြီ) ဘယ်လောက် အရေးကြီးသလဲ (ကြီးပါ တယ်ဘုရား)။

နိဗ္ဗာန်ကို ရှင်းရှင်းကလေးပြောပါ့မယ် ဒကာဒကာမတို့ ဇဟုသုတလဲ ပါသွားအောင်နော် (မှန်ပါ့) နိဗ္ဗာန်သည်ကား ဆိုလို့ ရှိရင် ဒုက္ခဿ အန္တံ ကရိဿတိ၊ ဒုက္ခဿ=ဒုက္ခ၏၊ အန္တံ=အဆုံး ကို ကရိဿတိ=မျက်မှောက် ပြုနိုင်လတ္တံ့၊ မဂ်ဉာဏ်က ဒုက္ခအဆုံး ကို ပြုနိုင်တယ် . . . တဲ့၊ ဒုက္ခအဆုံးဟာ ကိုစောမောင်က ဘာခေါ် မလဲ . . . (နိဗ္ဗာန်ပါဘုရား)။

## ဒုက္ခသိမှဒုက္ခအဆုံးနိဗ္ဗာန်ရမယ်

ဒါဖြင့် ဒုက္ခမတွေ့ဘဲနဲ့ ဒုက္ခအဆုံးကို ဘယ့်နှယ်လုပ် တွေ့ မလဲ (မတွေ့နိုင်ပါဘုရား) ဝါးမှ မတွေ့ဘဲနဲ့ အရင်း အဖျား ရွေးလို့ (မရနိုင်ပါဘုရား)။

အဲ . . . နိဗ္ဗာန်ရချင်လို့ရှိရင် ဒုက္ခသိပြီးမှသာလျှင်

http://www.thitsarparamisociety.com/


ဒုက္ခအဆုံး နိဗ္ဗာန်ရမယ်. . . (မှန်ပါ့) ဒုက္ခမသိဘဲနဲ့ . . . (နိဗ္ဗာန် မရပါဘုရား) ဒုက္ခအဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို . . . (မရပါဘုရား)။

ကဲ. . . ဒါဖြင့် ဒုက္ခက ဒုက္ခသစ္စာ၊ အဆုံးက နိရောဓ သစ္စာ မှတ်မိကြပလား . . . (မှတ်မိပါပြီဘုရား)။

ဒုက္ခက . . . (ဒုက္ခသစ္စာပါဘုရား) အဆုံးက . . . (နိရောဓ သစ္စာပါဘုရား)။

ဒုက္ခအဆုံးက နိရောဓသစ္စာဆိုတာ ဒုက္ခမသိဘဲနဲ့ ဒီ ပုဂ္ဂိုလ်ဟာ ဒုက္ခအဆုံးလိုက်တတ်ပါ့မလား (မလိုက်တတ်ပါ ဘုရား) ဒါဖြင့် ဒုက္ခမသိတာက သူ့မှာ နိဗ္ဗာန်မရဖို့ ကန့်ကွက် တယ်. . . (မှန်ပါ့) အဲဒီတော့ ဒုက္ခအဆုံးလဲ သူလိုက်တတ်ဖို့ အခြေအနေမြင် သေးရဲ့လား . . . (မမြင်ပါဘုရား) ဒကာကြီး လှိုင် ဒုက္ခမှ မတွေ့ဘဲနဲ့လေ . . . (မမြင်ပါဘုရား)။

အဲဒါကြောင့် ဒကာဒကာမတွေ ယနေ့တရားပွဲမှာ ရှေ့ပိုင်း နာရီဝက်ပြောတာကဖြင့် တကယ် ကိုယ့်ကိုယ် ကိုယ် ဝေဖန်ပြီး သကာလ ငါသာသနာတွင်းသားဖြစ်အောင် မလုပ်လို့ရှိ ရင်ဖြင့် ငါ ကိုယ်ကျိုးနည်းချေရဲ့ ဆိုတာကို ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ချက်ချနိုင်ဖို့ ရှေ့ပိုင်းနာရီဝက်မှာ ကိုစောမောင် လိုရင်း ကလေးပြောနေတယ် (မှန်ပါ့) မပြောထိုက်ဘူးလား . . . (ပြော ထိုက်ပါတယ်ဘုရား)။

ကိုင်း . . . ဒါဖြင့် ဒကာဒကာမတွေ ခင်ဗျားတို့ ဘာလုပ်

http://www.thitsarparamisociety.com/


ကြမတုံးလို့ မေးလို့ရှိရင် သာသနာတွင်းပဲလား၊ သာသနာပပဲလား ကိုယ့်ဟာကိုယ် ခင်ဗျားတို့ ဘယ်လိုလုပ်ကြမလဲ . . . (သာသနာတွင်းတရားကို လုပ်ရပါမယ်ဘုရား)။

အဲ . . . ဒါနလုပ်လဲသူခြံရံရမယ် . . . (မှန်ပါ့) သီလဆောက်တည်လဲ . . . (ခြံရံရပါမယ်ဘုရား) သူပါရမယ်ဟုတ်လား၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

သူ့ချည့်သက်သက်လုပ်လဲ မမှားပါဘူး (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

ဒါဖြင့် သူ့ကိုလက်လွှတ်လို့ဖြင့် . . . (မရပါဘုရား) သစ္စာနုလောမိကဉာဏ် လက်လွှတ်လို့ရပါ့မလား . . . (မရပါဘုရား) မရဘူးဆိုတာ သေချာပလား . . . (သေချာပါပြီဘုရား)။

## ဝေလာမပုဏ္ဏားကြီးအလှူ

ဒါ့ကြောင့် ဝေလာမပုဏ္ဏားကြီးကိစ္စမှာ တစ်ခါတည်း ဝေလာမပုဏ္ဏားကြီးဟာ တိုင်းပြည်ပေါင်းရှစ်သောင်းလေးထောင် လောက်မှာ သူက တက္ကသိုလ်ဆရာကြီး ဖြစ်နေတော့ သူတပည့်ချည့် ဖြစ်နေတော့ ဆရာအလိုရှိတာ မှာပါဆိုတော့ ရွှေခွက်ဖြင့် ရှစ်သောင်းလေးထောင်၊ ငွေတွေက ရှစ်သောင်းလေးထောင် ဒီ့ပြင် ဒီသမီးပျို သားပျိုတွေ ရှစ်သောင်းလေးထောင် သူက

http://www.thitsarparamisociety.com/


ရှစ်သောင်း လေးထောင်ချည့် လျှမှာကိုး. . . (မှန်ပါ့) သဘော ကျပလား . . . (ကျပါပြီဘုရား)။

အဲဒီလောက် သာသနာပမှာသူသည် သူ့ရေကရားက လေးနဲ့ ငါ လျှတော့လျှမယ်၊ ငါလျှုတဲ့ အလှူသည်ကား လို့ဆိုလို့ရှိ ရင်ဖြင့် အလှူခံပုဂ္ဂိုလ်ကောင်းရှိမရှိ အကယ်၍ ငါလှူထားတဲ့အ လှူကို အလှူခံပုဂ္ဂိုလ်ကောင်း ရှိမရှိဆိုပြီး သူ့ရေကရားကလေး ရေထည့်ပြီး သွန်လိုက်တယ် . . . (မှန်ပါ့)။

## အလှူခံပုဂ္ဂိုလ်ကောင်းရှိပါရဲ့လား

အကယ်၍. . . အလှူခံပုဂ္ဂိုလ်ကောင်းရှိခဲ့လို့ရှိရင် ရေကျ ပါစေ၊ အလှူခံပုဂ္ဂိုလ်ကောင်းမရှိခဲ့လို့ရှိရင် မကျစေသတည်းပေါ့ ကိုဝရဲ့ . . . (မှန်ပါ့) ကရားထဲရေထည့်ပြီး စောင်းကြည့်တယ် အလှူခံပုဂ္ဂိုလ်ကောင်းတစ်ယောက်မှမရှိဘူး . . . (မှန်ပါ့) ရေကို မကျဘူး . . . (မှန်ပါ့)။

ဘယ်လောက် ကြောက်စရာကောင်းသလဲ . . . (ကောင်းပါတယ်ဘုရား)သာသနာပ-သာသနာပ၊ ကမ္ဘာသကတာ ညဏ်တော့ သူလုပ်တော့မယ် . . . (မှန်ပါ့) မလုပ်ပေဘူးလား (လုပ်ပါတယ်ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

နောက်ကျတော့ သူပြန်အဓိဋ္ဌာန်တယ်၊ ဒါသေသေ ချာချာ မှတ်ကြပါ . . . (မှန်ပါ့)။

http://www.thitsarparamisociety.com/


ကဲ . . . အလှူခံပုဂ္ဂိုလ်ကောင်းကတော့ မရှိလို့ ရေမထွက်တာကျေနပ်ပါပြီ၊ တကယ့် သီလသမာဓိပညာနဲ့ သစ္စာနုလောမိကဉာဏ်တွေ အကုန်ကွယ်နေတယ်ဆိုတာ ပေါ်သွားတယ် . . . (ပေါ်ပါတယ်ဘုရား) မပေါ်သေးဘူးလား (ပေါ်ပါတယ်ဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

## အလှူပေးပုဂ္ဂိုလ်စင်ကြယ်ပါရဲ့လား

သို့သော်လဲ တဲ့ အလှူပေးပုဂ္ဂိုလ်မှာစင်ကြယ် မစင်ကြယ် အလှူပေးပုဂ္ဂိုလ်က၊ ကောင်းမကောင်းသိချင်သေးတယ်ဆိုပြီး အလှူပေးပုဂ္ဂိုလ်အတွက်ဖြင့် စင်ကြယ် မစင်ကြယ်သိရအောင် ဆိုပြီး ရေကရားသွန်ကြည့်တယ် . . . (မှန်ပါ့)။

စင်ကြယ်လား မစင်ကြယ်လား အလှူပေးပုဂ္ဂိုလ်အတွက် ဖြင့် ဘယ့်နှယ်နေပါသတုံးဆိုပြီး ရေကရားသွန်ကြည့်တော့ ရေထွက်တယ် . . . (မှန်ပါ့)။

သူ့အတွက်က ကောင်းတယ် . . . (မှန်ပါ့)။ အလှူခံ ပုဂ္ဂိုလ်အတွက်က မကောင်းဘူး . . . (မှန်ပါ့)။

အဲဒီတော့ သာသနာ့ပဆိုတဲ့ဥစ္စာ ကမ္မဿကတာဉာဏ် ကလေးလောက်သာ သူ့မှာအဲဒီအချိန်မှာရတယ် . . . (မှန်ပါ့) သစ္စာ နုလောမိကဉာဏ် လုပ်နေတာ တစ်ယောက်မှ မရှိဘူးဆို တာ ပေါ်သွားတယ်. . . (ပေါ်သွားပါတယ်ဘုရား) မပေါ်သေး

http://www.thitsarparamisociety.com/

ဘူးလား . . . (ပေါ်ပါတယ်ဘုရား) ရေသွန်ကြည့်တော့ ရေကိုမှ မထွက်ဘဲ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ကဲ . . . ကိုစောမောင် အတော်မလုံလောက်သေးဘူးလား (လုံလောက်ပါတယ်ဘုရား)။

ဒါက ဝေလာမပုဏ္ဏားဆိုတာ အင်္ဂုတ္တိုရ် ပါဠိတော်မှာ ဘုရားက အနာထပိဏ်သူဌေးကြီးဟောတာ (မှန်ပါ့) အဲဒီအခါ တုန်းက ဝေလာမပုဏ္ဏားဆိုတာငါပဲကွ၊ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား) သစ္စာနုလောမိကဉာဏ် ကွယ်ကြောင်းကို ရေသွန်ကြည့်တယ်၊ ရှိကိုမရှိဘူး၊ ရေကိုမထွက်ဘူး . . . (မှန်ပါ့)။

ကဲ-အလှူခံပုဂ္ဂိုလ်ထဲမှာ သစ္စာနုလောမိကဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်မပါဘူး . . . (မှန်ပါ့) သဘောပါကြပလား (ပါ,ပါပြီဘုရား)။

ကဲ. . . ဒါဖြင့် ဒကာဒကာမတို့ အလှူပေးပုဂ္ဂိုလ်ကဖြင့် စင်ကြယ် မစင်ကြယ်သိရအောင်ရေသွန်ကြည့်တော့ အလှူပေး ပုဂ္ဂိုလ်အတွက်တော့ ရေအောက်ကျတယ် . . . (မှန်ပါ့) အလှူခံ ပုဂ္ဂိုလ်အတွက်က . . . (မကျပါဘုရား)။

သို့သော် . . . ကမ္မဿကတာဉာဏ်တော့ မမြောက်ဘူးလားဆိုတော့ မြောက်တာပဲ၊ သူအကုန်ပေးတာပဲ . . . (မှန်ပါ့)။

အလှူခံပုဂ္ဂိုလ်ထဲတော့ မစင်ကြယ်ဘူး၊ သစ္စာနုလောမိက ဉာဏ်တစ်ယောက်မှမပါဘူး၊ သို့သော်လဲငါ့ အတွက်က

http://www.thitsarparamisociety.com/


ကောင်းတယ်ဆိုပြီး လျှုတာပဲ ရှစ်သောင်းလေးထောင်စီချည့် လျှုတာပဲ (မှန်ပါ့) ကဲ . . . သဘောပါကြလား . . . (ပါ,ပါပြီ ဘုရား)။

ဒါ့ကြောင့် ဒကာဒကာမတွေကို ခင်ဗျားတို့ သာမညနား ကလေးနဲ့ ဒီဘုန်းကြီးဟောနေတဲ့ တရားကို ထောင်လို့မဖြစ်ဘူး (မှန်ပါ့) ဩော်. . . သေသေချာချာ ဝေဖန်ဟောတာပါကလား ဆိုတာ မောင်နိုင်ပေါ်ပလား . . . (ပေါ်ပါပြီဘုရား) ရှင်းကြပ လား . . . (မှန်ပါ့)။

## ဘာလုပ်လုပ်ဝိပဿနာခြံရံပါ

ဒါဖြင့် ဘာလုပ်လုပ် ခင်ဗျားတို့ ဒါနလုပ်လဲ ဝိပဿနာခြံ ရံပါ . . . (မှန်ပါ့) သီလလုပ်လဲ . . . (ဝိပဿနာခြံရံပါ) ဒါမှ သစ္စာနုလောမိကဉာဏ်ပါတယ် . . . (မှန်ပါ့)။

သစ္စာနုလောမိကဉာဏ်ဆိုတာ ဘာတဲ့တုံး မေးတဲ့အခါ ကျတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုဆိုပါတယ် . . . (ရှင်းပါပြီ ဘုရား)။

အဲဒီ. . . **အနိစ္စ၊ ဒုက္ခ၊ အနတ္တ**လုပ်ပါမှ သစ္စာကို ဒုတိယ အဆင့်သိမယ် . . . (မှန်ပါ့) **အနိစ္စ၊ ဒုက္ခ၊ အနတ္တ**ဖြစ်ပျက်ကို လုပ်တာ ပထမအဆင့် . . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ ဘုရား)။

http://www.thitsarparamisociety.com/

ဒီကနေ ဖြစ်ပျက် ရင့်ကျက်သွားတဲ့အခါကျတော့ ဉာဏ် ထဲမှာပဲ ဖြစ်ပျက်တွေဟာ ဒုက္ခသစ္စာပဲလို့ ဆိုတဲ့အခါကျတော့ သစ္စာ သိသောကြောင့် ဒုက္ခသစ္စာချုပ်တယ် (မှန်ပါ့) အဲဒီချုပ်တဲ့ အခါကျတော့ ဒုက္ခအဆုံးလို့ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ် ဘုရား)။

အဆုံးကျတော့ မောင်နိုင်ရ ဒုက္ခဆုံးတာ ဘာပါလိမ့်မတုံး လို့ သံသယရှိဖို့လိုသေးလား . . . (မလိုပါဘုရား) ဘယ်သူပါလိမ့် မတုံး (နိရောဓသစ္စာပါဘုရား)။

နိရောဓသစ္စာဆိုတာ နိရောဓဆိုတာ ဘယ်နိရောဓတုံး ဒုက္ခနိရောဓ . . . (မှန်ပါ့)။

ကိုစောမောင် . . . (ဒုက္ခနိရောဓပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒကာဒကာမတွေ ဘာတဲ့. . . (ဒုက္ခနိရောဓပါဘုရား)။

ဒုက္ခနိရောဓဆိုတာ ဒုက္ခသိမှ ဒုက္ခနိရောဓလာမှာ (မှန်ပါ့) ဒုက္ခမှမသိတဲ့ပုဂ္ဂိုလ်က (ဒုက္ခနိရောဓမလာပါဘုရား)။

အဲဒီတော့ ဒုက္ခသိချင်ရင် လက္ခဏာရေးသုံးပါးကစ . . . (မှန်ပါ့) ဖြစ်ပျက်ကစ (မှန်ပါ့) ရှင်းကြပလား . . . (ရှင်းပါပြီ ဘုရား)။

အဲဒီဖြစ်ပျက်ကမှ မစ,လို့ရှိရင် ဒုက္ခနိရောဓ. . . (မလာ နိုင်ပါဘုရား) မလာနိုင်ဘူး၊ ဒုက္ခနိရောဓမလာနိုင်လို့ရှိရင် နိဗ္ဗာန်

http://www.thitsarparamisociety.com/


မတွေ့တော့ဘူး . . (မှန်ပါ) ဒါဖြင့် ဒီဥစ္စာ နိဗ္ဗာန်ရောက် နိုင်ပါဦး မလား . . . (မရောက်ပါဘုရား)။

## သာသနာတွင်းအလုပ် တွင်တွင်လုပ်ပါ

ဒါဖြင့် ခင်ဗျားတို့ သာသနာတွင်းအလုပ်ကို ကိုဝတို့ . . . ကိုပေါ်တို့ အရွယ်တွေလဲ ကြီးကုန်တော့မယ်၊ တွင်တွင် လုပ်လိုက် . . . (မှန်ပါ)။

ဒကာဒကာမတွေ ဘယ်လိုလုပ်မှာပါလိမ့် . . . (သာသနာတွင်းအလုပ်ကို လုပ်ရပါမယ်ဘုရား)။

နဂိုကကြီးလာတာက သာမညနဲ့ကြီးလာတာ . . . (မှန်ပါဘုရား)။

ကဲ. . . ကိုယ့်ကိုယ်ကိုယ်ပဲ ငါသည် အသက်က လေးဆယ်လောက်က ငါ သာသနာတွင်းသားလား သာသနာ ပသားလား၊ ခြောက်ဆယ်ကျော်တဲ့အခါ ငါ သာသနာတွင်း သားလား သာသနာပသားလားဆိုတာယနေ့တရားနဲ့တော့ ဝေဖန်နိုင်ပါတယ် . . . (မှန်ပါ) မဝေဖန်နိုင်သေးဘူးလား. . . (ဝေဖန်နိုင် ပါတယ်ဘုရား)။

ကဲ. . . ဦးဘရှင်း ခင်ဗျားဟာ ခင်ဗျားဝေဖန်တော့လဲ မပေါ်သေးဘူးလား . . . (ပေါ်ပါပြီဘုရား)။

ပေါ်ပြီ. . . တဲ့၊ ဒီဆရာသမားတွေနဲ့ မတွေ့ခင်တုံးက အင်း ငါ ဘာပါလိမ့်မတုံးဆိုတော့ ဘယ့်နှယ်ဖြေကြမလဲ . . . (သာသနာပသားပါဘုရား)။

http://www.thitsarparamisociety.com/


သာသနာပသားပဲ၊ ဒီ့ပြင်ဖြေစရာကို မရှိဘူး၊ လိမ်စရာလဲ မလိုတော့ဘူး . . . (မှန်ပါ)။

အခု ဒီတစ်ခါ သက်န်းကပ်ကပ်၊ ထီးကလေးလျှုလျှု ပန်းကလေးလျှုလျှု လျှုတဲ့အခါကျတော့ ဒုက္ခကြည့်ပြီး လုပ်ရတဲ့အခါကျတော့ဘာဖြစ်သွားသတုံးဆိုတော့ ဘယ့်နှယ်ဖြေကြမလဲ . . . (သာသနာတွင်းသားပါဘုရား) သာသနာတွင်းသားဖြစ်တယ် ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် သာသနာဆိုတာ အဆုံးအမ . . . (မှန်ပါ) သာသနာဆိုတာ . . . (အဆုံးအမပါဘုရား)။

သာသတီတိ သာသနာကိုး၊ သာသတိ = ဆုံးမတတ်၏။ ဣတိ တသ္မာ = ထို့ကြောင့်၊ သာသနာ = သာသနာမည်၏ ဆိုတော့ အဆုံးအမနယ်ပယ်ထဲရောက်မရောက် . . . (ရောက်ပါတယ်ဘုရား)။

## ဘုရားအဆုံးအမအတွင်းရောက်ပြီလား

ကဲ. . . ကိုယ့် အသက်ပိုင်းနဲ့သာ ကိုယ်ဝေဖန်တော့ ရိုးရာ လုပ်တဲ့အလုပ်က အဆုံးအမထဲ ပါတာမဟုတ်ဘူး၊ ကိုစောမောင် . . . (မှန်ပါ) သဘောကျပလား . . . (ကျပါပြီဘုရား)။

အဲဒီတော့ ဒီထူးထူးခြားခြား သာသနာတွင်းဆိုတဲ့ ဥစ္စာ သာသနာဆိုတာ အဆုံးအမ၊ ဘုရားအဆုံးအမ၊ အဲဒီအဆုံးအမ အတွင်းကို ရောက်ပါမှ သဘောကျပလား . . (ကျပါပြီဘုရား)။

http://www.thitsarparamisociety.com/



အဆုံးအမအတွင်းမရောက်ခင်ကတော့ ကမ္ဘာသကတာ ဉာဏ်နဲ့ နေတာပဲ . . . (မှန်ပါ့) ငါ့သားကလေးတွေလဲ ငါကျွေးမယ်၊ ငါ့သမီးကလေးလဲ ငါကျွေးမယ်ဆိုတဲ့ ဥစ္စာတော့ ငါမွေးထားတာ ငါမကျွေး ဘယ့်နှယ်တုံး . . . (မှန်ပါ့) ကံကတော့ မဖြစ်ဘူးလား . . . (ဖြစ်ပါတယ်ဘုရား) ကံကတော့ ဖြစ်တယ် ကိုစောမောင်၊ ဒိဋ္ဌိကကွာရဲ့လား . . . (မကွာပါဘုရား)။

အဲဒီတုန်းက သာသနာတွင်းလား၊ သာသနာပလား . . . (သာသနာပပါဘုရား) ငါ နောင်ဘဝကောင်းအောင် ငါလုပ်ဦး မယ် ဆိုပြန်တော့ကော . . . (သာသနာပပါဘုရား) ကဲ . . . သစ္စာနုလောမိကဉာဏ်နဲ့ ဝေးလိုက်တာ (ဝေးပါတယ်ဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

တယ်အရေးကြီးပါကလားဆိုတာ ယနေ့ ရှေ့ပိုင်းမှာပြောတာဖြင့် အထူးပြောစရာမလိုတော့ပါဘူး . . . (မှန်ပါ့) ကိုပေါ်ကိုင်း. . . ဒါဖြင့်. . . ဒကာဒကာမတို့ နာရီကလဲ နည်းသွားတဲ့ အတွက် မနေ့က တရားပြန်ဆက်ကြစို့နော် (မှန်ပါ့) သာသနာတွင်းအလုပ်ကို ခေါင်းစဉ်နဲ့တကွ ပြပါတော့မယ်။

ဒကာဒကာမတို့ သာသနာတွင်း အလုပ်ကို ဘယ်လိုရှုရမယ်၊ ဘယ်လိုမှတ်ရမယ်ဆိုတဲ့ဥစ္စာ ကိုစောမောင် ခေါင်းစဉ်နဲ့ ပြမယ် . . . (မှန်ပါ့)။

http://www.thitsarparamisociety.com/

ခေါင်းစဉ်နဲ့ပြတဲ့အခါကျတော့ကို. . . တဲ့၊ စိတ္တာ နုပဿနာ ဆိုပြီး တစ်နေ့က စ,ခဲ့တယ်နော် . . . (မှန်ပါ့)။

အဲဒီတော့ ရှင်သာရိပုတ္တရာနဲ့ ရှင်မဟာကောဋ္ဌိက ကလဲ ကွာ . . . တဲ့၊ စိတ်တစ်လုံးရှုရင် အကုန်ပြီးတာပါပဲတဲ့ (မှန်ပါ့) ကိုစောမောင် ဘာတဲ့ . . . (စိတ်တစ်လုံးရှုရင် အကုန်ပြီးတာပါပဲ ဘုရား)။

## ရှင်ကောဋ္ဌိက–က, အမေးသမား

နောက်က ဒကာဒကာမတွေ (စိတ်တစ်လုံးရှုရင် အကုန် ပြီးပါတယ်ဘုရား) စိတ်တစ်လုံးရှုရင် အကုန်ပြီးတာပဲ ကိုစော မောင် . . . (မှန်ပါ့) စိတ်တစ်လုံးရှုရင် အကုန်ပြီးတာပဲကွ ဆိုတဲ့ ဥစ္စာ . . . ရှင်သာရိပုတ္တရာက အမေးခံသမား၊ ရှင်ကောဋ္ဌိက က အမေးသမားနော် . . . (မှန်ပါ့)။

ကဲ. . . သူမေးတာကလေး ကျုပ်တို့တိုတို ပဋိစ္စသမုပ္ပါဒ် လဲ နားလည်ပြီးသား ဖြစ်နေလို့ ဘုန်းကြီးမရှည်တော့ပါဘူး၊ ရှည် တယ်ဆိုတာ ခင်ဗျားတို့နားမလည်လို့ဖြစ်ရတာ (မှန်ပါ့)။

ရှင်ကောဋ္ဌိက မေးလိုက်တယ်၊ ရှင်သာရိပုတ္တရာကို ရဟန္တာ ကြီးနှစ်ပါးနော် . . . (မှန်ပါ့)။

အရှင်ဘုရား ဇရာ မရဏဟာ မိမိပြုလုပ်ထားတာလား (၁) နံပါတ်မေးလိုက်တယ် . . . (မှန်ပါ့) မဟုတ်ပါဘူးကွ-ပဲ ဖြေတယ်။

http://www.thitsarparamisociety.com/


## ဇရာမရဏ ဘယ်သူလုပ်တာတုံး

ဒါဖြင့်သူတစ်ပါး ပြုလုပ်တာလား . . . မဟုတ်ပါဘူးဘဲ ဖြေတယ်။

ဒါဖြင့် မိမိ သူတစ်ပါးနှစ်ဦးသား ပေါင်းလုပ်တာလား မဟုတ်ဘူးတဲ့၊ သဘောကျပလား (ကျပါတယ်ဘုရား) အလိုလို ဖြစ်တာလား . . . တဲ့၊ မဟုတ်ဘူးဖြေတယ် (မှန်ပါ့)။

ဇရာ မရဏဟာ ဒကာဒကာမတို့ ခင်ဗျားတို့က အဖြေလုပ်ပါ၊ ဘုန်းကြီးကပဲ ရှင်မဟာကောဋ္ဌိက လုပ်ပါ့မယ်. . .၊ ခင်ဗျားတို့ ရှင်သာရိပုတ္တရာ ကိုယ်စားလှယ် လုပ်စမ်းပါ. . .၊ (မှန်ပါ့)။

ခင်ဗျားတို့မှာ အခု ဇရာ မရဏရောက်နေပြီ . . . (မှန်ပါ့) အဲဒီ ဇရာ မရဏ ခင်ဗျားတို့ လုပ်ထားတာလား . . . (မဟုတ်ပါဘုရား) သူတစ်ပါးကလာပြီး လုပ်ထားတာလား . . . (မဟုတ်ပါဘုရား) မိမိ, သူတစ်ပါး နှစ်ဦးသားပေါင်းပြီး သဘောတူ လုပ်ထားတာလား . . . (မဟုတ်ပါဘုရား) အလိုလိုပေါ်တာ လား . . . (မဟုတ်ပါဘုရား)။

ဒါ . . . ပုစ္ဆာလေးချက်ရှိသွားပြီ. . . သဘောကျပလား . . . (ကျပါပြီ) ဒါနဲ့ ရှင်ကောဋ္ဌိက, ကမေးလိုက်တော့ ရှင်သာရိ ပုတ္တရာက မဟုတ်ဘူး. . . တဲ့။

http://www.thitsarparamisociety.com/


## ဇာတိဆုတောင်းမိတဲ့ ပုဂ္ဂိုလ်အလုပ်

ဒါဖြင့် အရှင်ဘုရား. . . မဟုတ်ရင် ပြောစမ်းပါဦး . . . တဲ့၊ အို. . . ဇရာ မရဏဟာ ဇာတိဆုတောင်းမိတဲ့ ပုဂ္ဂိုလ်အလုပ်ကွ။

ကဲ. . . ကိုစောမောင် ဇရာ မရဏဟာ . . . (ဇာတိဆုတောင်းမိတဲ့ ပုဂ္ဂိုလ်၏အလုပ်ပါဘုရား) ဒါဖြင့် ဇာတိကြောင့် ဖြစ်တယ် (မှန်ပ့ါ) ပေါ်ကြပလား. . . (ပေါ်ပါပြီဘုရား)။

ခင်ဗျားတို့ အို-သေ,ဟာ ဘယ်ကလာသတုံး . . . (ဇာတိက လာပါတယ်ဘုရား) ပေါ်သွားပြီဗျနော် . . . (မှန်ပ့ါ)။

## အိုသေဟာဇာတိကလာတယ်

အိုသေဟာ ဇာတိက လာတယ်ဆိုတာ ကိုစောမောင် မရှင်းသေးဘူးလား . . . (ရှင်းပါပြီ) ဇာတိမရှိရင် ဇရာ မရဏ (မလာပါဘုရား)။

အဲ. . . ဒါကြောင့် ကို၀ ဇာတိပစ္စယာ ဘာတဲ့ (ဇရာ မရဏပါဘုရား) ကဲ သူလက်သည်ပဲ . . . (မှန်ပ့ါ)။

ဒကာဒကာမတို့ ဒါဖြင့် ဘယ်ဇာတိကြိုက်ကြသတုံး . . . (ဘယ်ဇာတိမှ မကြိုက်ပါဘုရား)။

ကဲ . . . ဘယ်ဇာတိမှ မကြိုက်ဘူးဆိုတော့ ကိုစောမောင် က စ,ပြီးနောက်က ဒကာဒကာမတွေက မကြိုက်ဘူးတဲ့ . . . (မှန်ပ့ါ) ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား)။

http://www.thitsarparamisociety.com/



ကဲ . . . ဒါဟာ သာသနာတွင်းသံဗျ . . . (မှန်ပါ့) ဒါ ဘာသံပါလိမ့် (သာသနာတွင်းသံပါဘုရား) ကိုစောမောင်ဒါမှ သာသနာတွင်းသံကိုဗျ . . . (မှန်ပါ့) ပေါ်ကြပလား . . . (ပေါ် ပါပြီဘုရား)။

တရားနာရင်း ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ ဉာဏ်အထူး ပေါ်လာတာက ဇာတိဒုက္ခသစ္စာပဲ၊ ဒါ့ကြောင့် တပည့်တော်တို့ မကြိုက်ပါဘူး (မှန်ပါ့) မောင်နိုင် ဒါဟာ သစ္စာနုလောမိကဉာဏ် ဟုတ်,မဟုတ် (ဟုတ်ပါတယ်ဘုရား)။

ဇာတိဒုက္ခသစ္စာလို့ သိသွားပြီ၊ အပြောနဲ့သိတာ ရှိသေး ဟာကိုး. . . (မှန်ပါ့) နောက် အလုပ်နဲ့ သိဦးမှာ (မှန်ပါ့) မသိ ပေဘူးလား (သိပါတယ်ဘုရား) အပြောသိလို့ရှိရင် အလုပ်နဲ့ သိဦးမယ်ဆိုတော့ သစ္စဉာဏ် ကောင်းကောင်းမဆိုက်ပေဘူး လား . . . (ဆိုက်ပါတယ်ဘုရား)။

အဲဒါကြောင့် ကိုစောမောင် သာသနာပကျတော့ ဒီအသံ ရှိပါဦးမလား. . . (မရှိပါဘုရား) မရှိဘူး၊ မရှိကြောင်း ဘုန်းကြီး ထင်ရှားအောင် ပြောပြမယ်နော် . . . (မှန်ပါ့ဘုရား) မရှိကြောင်း ဘုန်းကြီးထင်ရှားအောင် ပြောပြမယ်ဆိုတော့ ကိုဝတို့ ကျေနပ်ဖို့ ကောင်းပါတယ် . . . (ကျေနပ်ပါတယ်ဘုရား)။

ဩော်. . . စုတေမနေ သေလွန်လို့ရှိရင်ဖြင့် လူကောင်း နတ်ကောင်းကလေးဖြစ်လို့ရှိရင် တော်ပါသေးရဲ့ . . . (မှန်ပါ့)

http://www.thitsarparamisociety.com/


သူ့ ဘာကိုတောင်းယူလိုက်တာတုံး . . . (ဇာတိတောင်းယူတာပါဘုရား)။

ကဲ . . . ကိုစောမောင် သာသနာပပဲ . . . (မှန်ပါ့) ဇာတိ က ဘာသစ္စာတုံး . . . (ဒုက္ခသစ္စာပါဘုရား)။

အဲဒါ ဒကာဒကာမတွေ ဘုန်းကြီးနဲ့ မတွေ့ခင်တုန်းက ဒီအသံ ထွက်မထွက် အကဲခတ် (မထွက်ပါဘုရား) ဒါဖြင့် ခင်ဗျားတို့ သာသနာပ ရှိသေးတယ် . . . (မှန်ပါ့)။

သေချင်သေပါစေတော့ နောက်ဘဝ ဒီ့ထက်ချမ်းသာလို့ ဒီ့ထက်ကောင်းတဲ့ လူ့ပြည်၊ နတ်ပြည်ကလေးမှာပဲ နေရလို့ရှိရင်လဲ တော်လောက်ပါပြီ၊ ဦးဘရှင်း ဒီလိုပုဂ္ဂိုလ်တွေရှိတယ် (ရှိပါတယ်ဘုရား)။

ရှိတော့ သူ့ဇာတိကို ဒုက္ခသစ္စာလို့ သိသေးရဲ့လား . . . (မသိပါဘုရား) မသိတော့ သူ သစ္စာနုလောမိကဉာဏ်ရသေးရဲ့လား (မရပါဘုရား) မရတော့ သူ့ကိုဘာသားလို့ ဆိုမလဲ . . . (သာသနာပသားပါဘုရား)။

## ဆရာကောင်းသိပ်လိုတယ်

ကိုစောမောင် ဘုန်းကြီးက ကြံဖန်ပြောနေတာလား . . တဲ့၊ သူ့ပါးစပ်ကထွက်တာလား . . . (သူ့ပါးစပ်က ထွက်တာပါဘုရား) သေချာပလား . . . (သေချာပါပြီ)။

http://www.thitsarparamisociety.com/


တယ်လဲ ဒကာဒကာမတို့ ဆရာကောင်း သမားကောင်း သိပ်လိုတယ်ဆိုတာ ကိုဝ ပေါ်ပါပြီ. . .(ပေါ်ပါပြီဘုရား) မပေါ် သေးဘူးလား (ပေါ်ပါပြီ) အင်မတန်ပေါ် သွားပါပြီဆိုတာ ထင်ရှား ပါတယ်နော် . . . (မှန်ပါ့)။

ကဲ . . . ဒါနဲ့ပဲ တိုတိုပဲမေးကြပါစို့၊ ဒီဥစ္စာ အလုပ်သွင်း ချင်လို့ ကိုစောမောင်ရေ . . . (မှန်ပါ့) မေးပြန်တယ်၊ ရှင်ကော၌က-က ဇာတိဟာ အလိုလိုဖြစ်လာတာလား ဘုရား . . . ဆိုတော့ မဟုတ်ပါဘူးတဲ့၊ မိမိပြုတာလားဆိုတော့ (မဟုတ် ပါဘုရား) သူတစ်ပါး ပြုတာလားဆိုတော့. . . (မဟုတ်ပါဘုရား) မိမိ, သူတစ်ပါးနှစ်ဦးသား ပြုတာလား . . . (မဟုတ်ပါဘုရား) အလိုလိုပေါ်တာလား. . . (မဟုတ်ပါဘုရား)။

မဟုတ်ပါဘူးတဲ့ဇာတိဆိုတဲ့ ဥစ္စာသည် ကမ္မဘဝကလာ တာပါ. . . (မှန်ပါ့) မပေါ်သေးဘူးလား. . . (ပေါ်ပါပြီ)။

သူက ကံလုပ်တာ၊ ကံလုပ်ပြီး ဇာတိရချင်လို့ ကိုစော မောင် (မှန်ပါ့) ကံကြောင့် ဖြစ်တယ်ဆိုတာ မသေချာဘူးလား . . . (သေချာပါတယ်ဘုရား)။

## ကမ္မဘဝကြောင့်ဇာတိရတာ

မယုံရင် ပါဠိတော် ရွတ်ကြည့်တော့ ကမ္မဘဝ ပစ္စယာ . . . (ဇာတိပါဘုရား) ကဲ. . . ကိုဝ ကျေနပ်တော့. . . (မှန်ပါ့) ရှင်းပလား. . . (ရှင်းပါပြီ)။

http://www.thitsarparamisociety.com/


ကမ္မဘဝကြောင့် လာတယ်ဆိုတာ သေချာရောမဟုတ်လား (သေချာပါပြီဘုရား)။

နောက်ဆုတ်သွားတာတဲ့၊ ပဋိစ္စသမုပ္ပါဒ်နောက်ဆုတ်ဟောရတဲ့အတွက် သစ္စာလေးချက်သိတယ်. . . (မှန်ပါ့) နောက်ဆုတ်ဟောရတဲ့အတွက် ကိုစောမောင် ဘာတဲ့တုံး (သစ္စာလေးချက်သိပါတယ်ဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

ကဲ. . . ဒါဖြင့် ကမ္မဘဝဟာ အလိုလိုဖြစ်တာလားလို့ ရှင်မဟာကောဋ္ဌိက-က ကမ္မဘဝ မိမိပြုတာလားလို့ မေးပြန်တော့ ဘယ့်နှယ်တုံး. . . (မဟုတ်ပါဘုရား)။

မဟုတ်ဘူး၊ သို့သော် ဒကာဒကာမတွေက သိထားတာက ကိုယ့်ကံကိုယ်လုပ်မှပေါ့၊ ဟော. . . ခင်ဗျားတို့က ခင်ဗျားတို့ လုပ်ထားတာတဲ့. . . (မှန်ပါ့) ကိုယ်ကံကောင်းချင် ကိုယ်ကံကောင်းလို့လေ၊ အံမယ်လေး. . . လူကြီးတွေကဆုံးမနေတယ် . . . (မှန်ပါ့) ကံမကောင်းချင်လို့ရှိရင်လဲ မင်းအကုသိုလ် လုပ်နေတာပေါ့၊ ကံကောင်းချင်ရင် ကံကောင်းလဲပဲ မင်းဟာမင်း လုပ်မှပေါ့ဆိုတော့ မင်းကတခြား၊ ကံကတခြားဖြစ်နေတယ် . . . (မှန်ပါ့) မဖြစ်ဘူးလား. . . (ဖြစ်ပါတယ်ဘုရား)။

အဲဒါ ဒိဋ္ဌိသံမှဟုတ်ရဲ့လား ကိုစောမောင်. . . (ဟုတ်ပါတယ်ဘုရား) သေချာကြပလား . . . (သေချာပါပြီ)။

http://www.thitsarparamisociety.com/


ကဲ. . . ဒါဖြင့် ရှင်ကောဠိက-ကမေးတယ်၊ ဒီကမ္မဘဝ ဟာဘုရား. . . တဲ့၊ မိမိပြုတာလားဆိုတော့ ဘယ့်နှယ်တုံး. . . (မဟုတ်ပါဘုရား) သူတစ်ပါးပြုတာလား. . . (မဟုတ်ပါဘုရား) မိမိ, သူတစ်ပါးနှစ်ဦးသား ပြုတာလား. . . (မဟုတ်ပါဘုရား) အလိုလိုပေါ်တာလား . . . (မဟုတ်ပါဘုရား)။

## ဥပါဒါန်ကြောင့်ကံဖြစ်တာ

မဟုတ်ဘူးကွ. . . တဲ့၊ ရှင်သာရိပုတ္တရာက ဥပါဒါန် ကြောင့် ဖြစ်တာဆိုတော့ သူဘုံဘဝစွဲတဲ့ ဥပါဒါန်ကြောင့် ဒီကံလုပ်တာ . . . (မှန်ပါ့)။

ကဲ. . . သဘောပလား (သဘောပါပြီ) ကိုယ်လုပ်တာ ဟုတ်ကဲ့လား. . . (မဟုတ်ပါဘုရား) ဘယ်သူကလုပ်သလဲ. . . (ဥပါဒါန်က လုပ်ပါတယ်ဘုရား) ဥပါဒါန်လုပ်နေတာ၊ မရှင်းသေး ဘူးလား. . . (ရှင်းပါပြီဘုရား)။

ကဲ. . . ဒါဖြင့် ဒကာဒကာမတွေက ကိုယ့်ကံကိုယ်လုပ်ရ တယ်ဆိုတာများ သွားရောပေါ့ဗျာ. . . (သွားပါတယ်ဘုရား) ဒိဋ္ဌိသံကြီးကို ကို၀ တစ်ခါတည်း ရှင်းနေတာပဲ . . . (မှန်ပါ့) ရှင်းနေတော့ ဒီပုဂ္ဂိုလ်ဟာ ဒိဋ္ဌိပြုတ်သေးရဲ့လား . . . (မပြုတ်ပါ ဘုရား) ဒါဖြင့် သူလုင်သရွေ့ အမှားချည့်ပေါ့ . . . (အမှားချည့်

http://www.thitsarparamisociety.com/

ပါဘုရား) ကိုစောမောင် ဒိဋ္ဌိက ဘယ့်နှယ်နေသလဲ၊ ပါ-ပါနေတယ် (မှန်ပါ့) ရှင်းပလား ... (ရှင်းပါပြီ)။။

ကဲ... ဒါဖြင့် တိုတိုပြောကြပါစို့. ဒကာဒကာမတို့ ဒီဥပါဒါန်ကကောဗျ ... မိမိပြုတာလားလို့ ရှင်ကောဋ္ဌိက-က မေးပြန်တယ် (မဟုတ်ပါဘုရား) သူတစ်ပါးပြုတာလား... (မဟုတ်ပါဘုရား) မိမိ, သူတစ်ပါးနှစ်ဦးသား ပြုတာလား... (မဟုတ်ပါဘုရား) အလိုလိုဖြစ်တာလား ... (မဟုတ်ပါဘုရား)။

## တဏှာကြောင့် ဥပါဒါန်ဖြစ်တာ

မဟုတ်ဘူးကွာ... တဲ့၊ ရှင်သာရိပုတ္တရာက အဖြေထွက်ပြန်ပြီ ဒကာ ဒကာမတို့ တဏှာကြောင့်ကွတဲ့... (မှန်ပါ့)။

ကဲ... ကိုစောမောင် လက်သည်က ဘာတုံး... (တဏှာပါဘုရား) ကဲ... ဒီတဏှာသည်ကားလို့ဆိုရင် မိမိပြုတာလားလို့ဆိုတော့ ဘယ့်နှယ်တုံး ... (မဟုတ်ပါဘုရား) သူတစ်ပါးပြုတာလား... (မဟုတ်ပါဘုရား) မိမိ, သူတစ်ပါး နှစ်ဦးသားပြုတာလား... (မဟုတ်ပါဘုရား) အေး... ဒကာ ဒကာမတို့ အလိုလိုပေါ်တာလား... (မဟုတ်ပါဘုရား)။

## ဝေဒနာကြောင့်တဏှာဖြစ်တာ

မဟုတ်ပါဘူးတဲ့၊ ဝေဒနာကြောင့်တဏှာဖြစ်တာ - (မှန်ပါ့) ရှင်းပလား ... (ရှင်းပါပြီ) ဘယ်သူ့ကြောင့် ဖြစ်သတုံး (ဝေဒနာကြောင့်ပါဘုရား)။

http://www.thitsarparamisociety.com/


## ဖဿကြောင့်ဝေဒနာပေါ်တာ

ကဲ. . . ဒါဖြင့် နောက်ဆုတ်သွားကြစို့၊ ဒီဝေဒနာက မိမိပြုတာလား - (မဟုတ်ပါဘုရား) သူတစ်ပါးပြုတာလား-(မဟုတ်ပါဘုရား) မိမိ, သူတစ်ပါး နှစ်ဦးသားပြုတာလား (မဟုတ်ပါဘုရား) အလိုလိုပေါ်တာလား (မဟုတ်ပါဘုရား) ဖဿကြောင့်ဝေဒနာပေါ်တာ. . . (မှန်ပါ့)။

မတွေ့ထိဘဲနဲ့ ကောင်းတယ်. . . ဆိုးတယ်လို့ ဘယ်သူဝေဖန်လို့မှမဖြစ်ဘူး. . . (မှန်ပါ့) မမြင်ဘဲနဲ့ ကောင်းတယ် ဆိုးတယ် ဘယ်သူဝေဖန်နိုင်ပါ့မလဲ. . . (မဝေဖန်နိုင်ပါဘုရား)။

ဒါဖြင့် တွေ့ထိပြီးမှဝေဖန်နိုင်တာ အကောင်းအဆိုးဝေဖန်နိုင်တယ်ဆိုတာက . . . (မှန်ပါ့) တွေ့ထိတာက ဖဿ၊ ဝေဖန်တာက. . . (ဝေဒနာပါဘုရား) ရှင်းပလား. . . (ရှင်းပါပြီ)။

သူတစ်ပါးပြုတာလား ပဋိစ္စသမုပ္ပါဒ်ပြုတာချည့် မှတ်လိုက် (မှန်ပါ့) ရှေ့အကြောင်းက ပြုတာချည့်မှတ်. . . (မှန်ပါ့)။

ဒါဖြင့် ဒီလိုသွားလိုက်တော့ ဖဿမိမိပြုတာလား-(မဟုတ်ပါဘုရား) သူတစ်ပါးပြုတာလား. . . (မဟုတ်ပါဘုရား) မိမိသူတစ်ပါး နှစ်ဦးသားပြုတာလား. . . (မဟုတ်ပါဘုရား) အလိုလိုပေါ်တာလား. . . (မဟုတ်ပါဘုရား)။

http://www.thitsarparamisociety.com/


## သဠာယတနကြောင့်ဖဿ

လေးချက်လေးချက် မေးတယ် . . . အရှင်ကောဋ္ဌိက ကနေ် (မှန်ပါ့) ကဲ. . . ဘုန်းကြီးက ရှင်သာရိပုတ္တရာလုပ်ပြီး အဖြေပေးပြန်တော့ သဠာယတနရှိလို့ဟော့. . . မျက်စိတို့ နားတို့ နှာခေါင်းတို့ လျှာတို့ ကိုယ်တို့ စိတ်တို့ရှိလို့ဖြစ်တာ. . . (မှန်ပါ့)။

မရှိရင်. . (မဖြစ်ပါဘုရား) ဒီဖဿ ဒီနေရာမှာ ပေါ်စရာ ရှိပါ့မလား. . . (မရှိပါဘုရား) သဘောကျပလား. . . (ကျပါပြီ ဘုရား)။

ကဲ. . . ဒါဖြင့် ဒီသဠာယတနကော မိမိပြုတာလား- (မဟုတ်ပါဘုရား) သူတစ်ပါးပြုတာလား (မဟုတ်ပါဘုရား) မိမိ, သူတစ်ပါး နှစ်ဦးသား ပြုတာလား. . . (မဟုတ်ပါဘုရား)အလိုလို ပေါ်တာလား. . . (မဟုတ်ပါဘုရား)။

## နာမ်ရုပ်ကြောင့်

သဠာယတန ဘယ်ကလာပါလိမ့်မတုံး. . . ဆိုတော့ ဘယ့်နှယ်ဖြေကြမလဲ (နာမ်ရုပ်ကြောင့် ဖြစ်တာပါဘုရား) နာမ်ရုပ် ကြောင့်လာတာ၊ နာမ်ရုပ်ရှိတဲ့ ပုဂ္ဂိုလ်မှာ သဠာယတနရှိတယ်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာက. . . (မှန်ပါ့) နာမ်ရုပ်မရှိတဲ့ ပုဂ္ဂိုလ် မှာ . . . (မရှိပါဘုရား)။

ကဲ. . . ဒါဖြင့် ဒီနာမ်ရုပ်ကကော မိမိပြုတာလား - (မဟုတ်ပါဘုရား) သူတစ်ပါးပြုတာလား. . . (မဟုတ်ပါဘုရား)

http://www.thitsarparamisociety.com/


မိမိ, သူတစ်ပါး နှစ်ဦးသားပြုတာလား. . . (မဟုတ်ပါဘုရား) အလိုလိုပေါ်တာလား. . . (မဟုတ်ပါဘုရား)။

## ဝိညာဏ်ကြောင့်နာမ်ရုပ်

ဘယ်သူ့ကြောင့်တုံး(ဝိညာဏ်ကြောင့်ပါဘုရား) ဝိညာဏ ပစ္စယာ နာမရူပံ၊ ဝိညာဏ်ကြောင့်ဖြစ်တာ. . . (မှန်ပါ့)။

ဝိညာဏ်ကစိတ်၊ သဘောကျပလား. . . (ကျပါပြီ) သူနဲ့ ယှဉ်ဖော်ယှဉ်ဘက် စေတသိက်နဲ့ရုပ်က နာမ်ရုပ်. . . (မှန်ပါ့) ဒါဖြင့် ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်. . . (မှန်ပါ့) သဘော ကျပလား. . . (ကျပါပြီ) မှတ်ထားနော် - (မှန်ပါ့)။

## ဝိညာဏ်နှစ်ခုစလုံးယူ

ဝိညာဏ်ကြောင့်. . . (နာမ်ရုပ် ဖြစ်ပါတယ်ဘုရား) ဝိညာဏ်ဆိုတာ အခုခင်ဗျားတို့ သင်ထားတဲ့စိတ်တွေဟာ ဝိညာဏ်ပေါ့ (မှန်ပါ့) ပဋိသန္ဓေဝိညာဏ်, ပဝတ္တိဝိညာဏ် နှစ်ခု စလုံးယူ. . . (မှန်ပါ့ဘုရား)။

ပဋိသန္ဓေနေတုန်းက ပဋိသန္ဓေနေတဲ့ စိတ်ဝိညာဏ်ပဲ (မှန်ပါ့) ယခုမှ မြင်စိတ်၊ ကြားစိတ်တွေ ခုနင်က လောဘစိတ် ဒေါသစိတ်၊ အတွင်းဧည့်သည်, အပြင်ဧည့်သည်, အိမ်သည်တွေ ကိုစောမောင် ဒါတွေဘာတွေလဲ. . . (ဝိညာဏ်ပါဘုရား) မနေ့

http://www.thitsarparamisociety.com/

က ပြောထားခဲ့တဲ့ ဆယ့်လေးခုဟာလေ. . . (မှန်ပါ့) ဝိညာဏ် ချည့် မှတ်ထားပါ. . . (မှန်ပါ့)။

အဲဒါ ဝိပဿနာ ရှုတတ်အောင်လို့ ယနေ့ ရှင်သာရိပုတ္တရာနဲ့ ရှင်ကောဋ္ဌိကကို အထူးထုတ်လာတာ. . . (မှန်ပါ့) ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဝိညာဏ်ဟာ မောင်နိုင် ပြောကြတော့ မိမိပြုတာလားလို့ ရှင်ကောဋ္ဌိက-ကမေးတယ်. . . (မဟုတ်ပါဘုရား) သူတစ်ပါး ပြုတာလား. . . (မဟုတ်ပါဘုရား) မိမိသူတစ်ပါး နှစ်ဦးသားပြုတာလား. . . (မဟုတ်ပါဘုရား) အလိုလိုပေါ်တာလား- (မဟုတ်ပါဘုရား)။

## သင်္ခါရကြောင့်ဝိညာဏ်ရထားတယ်

မဟုတ်ဘူးတဲ့၊ ဘယ်သူ့ကြောင့် ပေါ်သတုံး မေးတဲ့အခါ ကျတော့ကိုတဲ့ မောင်နိုင်တို့ ရ,ထားတာက ဘယ်လိုရ,ထားသတုံး ဆိုတော့ သင်္ခါရပစ္စယာ ဝိညာဏံ ရ,ထားတယ်၊ ဟုတ်လား. . . (မှန်ပါ့)။

## နာမ်ရုပ်ကြောင့်လဲဝိညာဏ်ဖြစ်တယ်

ဟုတ်ပါတယ်တဲ့၊ ဒီလို မယူပါနဲ့ကွာ. . . တဲ့၊ ဝိညာဏ ပစ္စယာ နာမရူပံကို တစ်ခါ နာမ်ရုပ်ကြောင့် ဝိညာဏ် ဖြစ်တယ်လို့လဲ ယူလိုက်ပါ. . . (မှန်ပါ့)။

http://www.thitsarparamisociety.com/

နာမ်ရုပ်ကြောင့်. . . (ဝိညာဏ်ဖြစ်ပါတယ်ဘုရား) ဝိညာဏ်ကြောင့်. . . (နာမ်ရုပ်ဖြစ်ပါတယ်ဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

**ဒီနာမ်ရုပ် မရှိရင်လဲ ဝိညာဏ် မပေါ်ဘူးတဲ့. . . (မှန်ပါ့) ဝိညာဏ် မရှိရင်လဲ. . . (နာမ်ရုပ်မပေါ်ပါဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။**

ဒါဖြင့် ရှင်မဟာကောဋ္ဌိက-က အံမာလေးဘုရားတဲ့၊ ဘယ်တော့ကမှ မကြားဖူးဘူးတဲ့၊ တပည့်တော်တို့ကလဲ၊ သင်္ခါရပစ္စယာ ဝိညာဏံသာ ကြားဖူးတယ်. . . (မှန်ပါ့) အရှင်ဘုရားက အခုတော့ဝိညာဏပစ္စယာနာမရူပံ၊ နာမရူပ ပစ္စယာဝိညာဏံ တောင် ဟောလိုက်တယ်တဲ့၊ကိုစောမောင် ရဟန္တာကြီးက အံ့လာတယ် (မှန်ပါ့) ခင်ဗျားတို့ကော မအံ့ဘူးလား(အံ့ပါတယ်ဘုရား)။

ခင်ဗျားတို့က သင်္ခါရပစ္စယာ ဝိညာဏံသာ ကြားဖူးတယ် (မှန်ပါ့)။

အခုတော့ ဝိညာဏပစ္စယာ. . . (နာမရူပံ) နာမရူပ ပစ္စယာ-(ဝိညာဏံ) ဟော-သူတို့က အပြန်အလှန်တဲ့ အကြောင်းအကျိုး. . . (မှန်ပါ့)။

## ဝိညာဏ်ကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ဝိညာဏ်

အရှင်ဘုရား ပြောမှပဲဘုရား - တဲ့၊ တပည့်တော် ရှင်ကောဋ္ဌိကမှာ သိရပါပေတယ်-တဲ့၊ တပည့်တော်တို့ သိထား

http://www.thitsarparamisociety.com/

တာ ကံသင်္ခါရကြောင့် ဝိညာဏ်ဖြစ်တယ်၊ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်တယ်၊ ဒီလိုသာ အစဉ်အတိုင်းသိပါတယ်-တဲ့၊ အရှင်ဘုရားက အခုဒီလိုမဟုတ်သေးဘူး၊ ဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ဝိညာဏ်ဖြစ်တယ်၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါက ထူးထူးခြားခြားမှတ်ပါ၊ ဒါကလေးတစ်လုံး ဒီထဲမှာ လိုရင်း. . . (မှန်ပါ့)။

ကိုစောမောင် ဝိညာဏကြောင့်. . . (နာမ်ရုပ်ဖြစ်ပါတယ်) နာမ်ရုပ်ကြောင့် . . . (ဝိညာဏ်ဖြစ်ပါတယ်ဘုရား) ရှင်းပလား-(ရှင်းပါပြီဘုရား)။

## ဝိညာဏ်ဆိုတာ

ကဲ. . . ဒါဖြင့် ဝိညာဏ်ဆိုတာလဲ ဒီဘဝမှာ မောင်နိုင်က မျက်လုံးကလေးဖွင့်လိုက်တော့ မြင်စိတ်ဆိုတဲ့ ဝိညာဏ်ကလေး မလာဘူးလား. . . (လာပါတယ်ဘုရား) စက္ခုဝိညာဏ်ကိုးကွ. . (မှန်ပါ့) သောတဝိညာဏ်ကော မလာဘူးလား - (လာပါတယ်ဘုရား)။

အဲဒီ ဝိညာဏ်ဖြစ်တော့ သူ့ချည်းဖြစ်သလားဆိုတော့ ခံစားတဲ့ ဝေဒနာ မှတ်ကြတဲ့၊ သညာတွေနဲ့ တွဲလာတယ်. . . (လာပါတယ်ဘုရား) ပြီးတော့ မြင်ရုပ်ကလေးကော မပေါ်ဘူးလား. . . (ပေါ်ပါတယ်ဘုရား)။

http://www.thitsarparamisociety.com/


ဟော. . . ဒါကြောင့် သူ-ဟောပေတာကိုး (မှန်ပါ့) ဝိညာဏပစ္စယာ. . . (နာမရူပံ) နာမရူပပစ္စယာ. . . (ဝိညာဏံ ပါဘုရား) သဘောကျပလား. . . (ကျပါပြီဘုရား)။

အဲဒီတော့ နို့. . . သင်္ခါရပစ္စယာ ဝိညာဏံ မဟုတ်လား ဆိုတော့ အို-မင်း အသာထားစမ်းပါဦး ကောင္ဒြကရာ- (မှန်ပါ့) အဲဒါက ဟိုဘက်ဘဝကဟာကွတဲ့ (မှန်ပါ့) ဒီဘဝဖြစ်နေတာ ကတော့ အပြန်အလှန်တဲ့. . . (မှန်ပါ့) ရိပ်မိပလား. . . (ရိပ်မိပါ ပြီဘုရား)။

## ဒါသိပ်အရေးကြီးတယ်

ဟိုဘဝက အကြောင်းပြုတာကတော့ ဟုတ်ပါတယ်-တဲ့။ မင်းတို့ ဝိပဿနာရှုတော့ ဟိုဘဝကဟာ ရှုလို့ရမှာလားတဲ့. . . (မရပါဘုရား) ပေါ်ပလား - (ပေါ်ပါပြီဘုရား) ဒါကလေးဟာ အင်မတန် ဒီထဲမှာ အရေးကြီးတယ်နော်. . . (မှန်ပါ့) ဒါကလေး ဟာသိပ်အရေးကြီးနေပါတယ်. . . (မှန်ပါ့) ကိုဝ မကြီးဘူးလား . . . (ကြီးပါတယ်ဘုရား)။

## အတိတ်အကြောင်းလှမ်းရှုလို့မရ

နောက် ဘဝက အဝိဇ္ဇာ သင်္ခါရ ဆိုတာက အတိတ် အကြောင်း မဟုတ်လား. . . (မှန်ပါ့) သူ့ကို လှမ်းရှုနေလို့ ခင်ဗျား တို့ရမှာလား. . . (မရပါဘုရား)။

http://www.thitsarparamisociety.com/



ဘာဖြစ်လို့တုံး ကိုစောမောင်. . . ဖြစ်စရာကော ရှိသေးလို့လား. . . (မရှိတော့ပါဘုရား) ချုပ်ပြီးသားကြီးပဲ - (မှန်ပါ့)။

ကဲ. . . ဒါဖြင့် ရှင်သာရိပုတ္တရာက ဝိညာဏပစ္စယာ (နာမရူပံ) နာမရူပပစ္စယာ . . . (ဝိညာဏံပါဘုရား) အဲဒီဘဝမှာ တွဲတွဲပြီးဖြစ်တယ်ကွ. . . တဲ့၊ (မှန်ပါ့)။

ဝိညာဏ်ကြောင့်လဲ နာမ်ရုပ်ဖြစ်တယ်၊ နာမ်ရုပ်ကြောင့်လဲ (ဝိညာဏ်ဖြစ်ပါတယ်ဘုရား)။

အဲဒီတော့ မင်းက ရဟန္တာပဲ. . . တဲ့၊ ရဟန္တာ ဆိုပေမဲ့လဲ သိပြီးသား သိပြီးသား၊ သို့သော်လဲ သက်သက်နောင်-လူတွေ ဝိပဿနာ မရှုတတ်မှာစိုးလို့ သင်တာကိုး. . . (မှန်ပါ့)။

ကိုဝရေ . . . တော်တော် အရေးကြီးတဲ့စကားနော် (မှန်ပါ့) တော်တော် အရေးကြီးတဲ့စကား။

ကဲ. . ဒကာ ဒကာမတွေ ရ,ထားတာက အဝိဇ္ဇာပစ္စယာ (သင်္ခါရာပါဘုရား) သင်္ခါရပစ္စယာ (ဝိညာဏံပါဘုရား) ပေါ့ သင်္ခါရကြောင့်ဖြစ်တယ်လို့ ယူထားတယ်. . . (မှန်ပါ့)။

ဟုတ်ပါတယ်. . . တဲ့၊ အဲဒါမဟုတ်ဘူး၊ မဟုတ်ပါဘူး၊ ဒါက အတိတ်အကြောင်း၊ ဝိပဿနာရှုလို့မဖြစ်တော့ဘူး. . . (မှန်ပါ့) ဝိပဿနာရှုလို့ဖြစ်ရမှာက ဝိညာဏ်ကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ဝိညာဏ်ပဲရှုလို့ဖြစ်မှာ. . . (မှန်ပါ့) သဘောပါပလား- (ပါ-ပါပြီဘုရား)။

http://www.thitsarparamisociety.com/


ကဲကွာ. . . တဲ့ ကောင်း၌က ငါသေသေချာချာ ဥပမာ ပြောမဟော့ . . . မင်း သေသေချာချာ နားထောင်စမ်း. . . တဲ့ ဒကာ ဒကာမတို့နော်. . . (မှန်ပါ့)။

ဝါးစည်းကလေးနှစ်စည်း ကိုစောမောင်-ထိပ်ချင်းတိုက်ထား ခြေထောက်ကားထား. . . (မှန်ပါ့) မောင်နိုင် ကားထားလိုက်. . . (မှန်ပါ့)။

တစ်စည်းဆွဲလိုက်ရင် ဘယ့်နှယ်နေသလဲ-(ကျန်တစ်စည်းလဲပါတယ်ဘုရား) ဒီဘက်အစည်း ဆွဲလိုက်ရင်ကော. . . (နှစ်စည်းလုံး လဲပါတယ်ဘုရား) ဩော်. . . သူတို့မှီနေတာကိုး (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒီမှာလဲကွ၊ ဒီဘက်မှာ ဝိညာဏ်နဲ့ နာမ်ရုပ်က မှီနေကြတာပဲ၊ ဝိညာဏ်ကို ဖြစ်ပျက်ရှုလိုက်ရင် နာမ်ရုပ် ပါသွားတယ် (မှန်ပါ့)။

ကဲ . . . ခင်ဗျားတို့အားရှိစရာ . . . (မှန်ပါ့) ဝိညာဏ် ဖြစ်ပျက်ရှုလိုက်ရင် (နာမ်ရုပ်ပါသွားပါတယ်ဘုရား) နာမ်ရုပ်ထဲက တစ်ခုခုရှုလိုက်ရင်လဲ (နာမ်ရုပ်ပါသွားပါတယ်ဘုရား) ရုပ်ကော ဝိညာဏ်ရော (ပါပါတယ်ဘုရား) အကုန်ပါတယ်၊ ရှုနည်းသာ မှတ်ထား၊ ဝါးနှစ်စည်းထောင်ထားတာသာမှတ်ထားကွ၊ တစ်ခု ရှုရင် အကုန်ပါတာပဲတဲ့. . . (မှန်ပါ့) ဝိပဿနာစခန်း ဟောတာကိုး. . . (မှန်ပါ့)။

http://www.thitsarparamisociety.com/



ဒကာ ဒကာမတို့ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား) ဘာစခန်းပေါက်ပါလိမ့်. . . (ဝိပဿနာစခန်းပေါက်ပါတယ်ဘုရား)။

ဒီတစ်လုံးဟာ ကိုဝသေပျော်တဲ့တရား (မှန်ပါ့) တချို့မသိတော့ဒီလိုပါဠိတော်ကြီးတွေ ရှင်သာရိပုတ္တရာနဲ့ ရှင်ကောဋ္ဌိကနဲ့ မေးလုံး၊ ဖြေလုံး ပါဠိတော်ကြီးတွေ မတွေ့တော့ ဝေဒနာရှု ဝေဒနာကလေးမှတ်နေတယ်၊ ဝေဒနာကလေး ချုပ်သွားရင် နိဗ္ဗာန်ရတယ်လို့မှတ်နေတယ်၊ ဘယ်ဟုတ်ရမလဲ၊ အကုန်ရှုရတယ်. . . (မှန်ပါ့) နာမ်ချုပ်ချင်ရုပ် အကုန်ချုပ်တယ်. . . (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ဒါ့ကြောင့် ရှုချင်တာရှု၊ တစ်ခုရှုလို့ရှိရင် ခင်ဗျားတို့ ဒုက္ခအကုန်သိမ်းတာပဲ. . . (မှန်ပါ့) သဘောပါပလား. . . (ပါပါပြီဘုရား)။

## ကျူစည်းဥပမာ

အဲဒီတော့ ကျူစည်း ဥပမာနဲ့ ရှင်သာရိပုတ္တရာ ကပဲပြတယ်၊ ဘုန်းကြီးကတော့ ခင်ဗျားတို့ ကျူဆိုတော့ အောက်အရပ်မှာမှရှိတယ်၊ ဝါးစည်းနဲ့ပြလိုက်တယ်. . . (မှန်ပါ့)။

ကျူစည်းနှစ်ခုလဲယှဉ်ထောင်ထား၊ ကိုစောမောင် ထိပ်တိုက် ထောင်ထားလိုက်တာပေါ့-(မှန်ပါ့) အောက်က ကားမှလဲ မြဲမှာ (မှန်ပါ့) သို့သော် တစ်ခုဆွဲကြည့်. . . (တစ်ခုလဲသွားပါတယ်ဘုရား)။

http://www.thitsarparamisociety.com/

တစ်ခုလဲမှာပဲ၊ ဘယ်ဆွဲရင် ညာကလဲမှာပဲ၊ ညာဆွဲရင် (ဘယ်ကလဲပါတယ်ဘုရား) ဒါဖြင့် တစ်ခုပြုတ်ရင်. . . (နှစ်ခုစလုံး ပြုတ်ပါတယ်ဘုရား)။

အဲ. . . ခင်ဗျားတို့ စိတ်တစ်ခုတည်း ဝိညာဏ်တစ်ခုတည်း ဖြစ်ပျက်ရှုလိုက်၊ နာမ်ရုပ်ပါလိမ့်မယ်. . . တဲ့၊ မင်းတို့ ဘာမှမပူနဲ့တဲ့. . . (မှန်ပါ့) ကျူစည်းအတိုင်းသာ သေသေချာချာမှတ် (မှန်ပါ့) သဘောကျပလား. . . (ကျပါပြီဘုရား)။

ငါ သေသေချာချာ ရှင်းပြမယ်ဆိုတော့ မောင်နိုင်က မှတ်လိုက်တော့ ဝိညာဏနိရောဓော. . . (နာမရူပနိရောဓော) နာမရူပနိရောဓော. . . (ဝိညာဏနိရောဓောပါဘုရား)။

ဒီအတိုင်းပါကွာ. . . တဲ့၊ တစ်ခုချုပ်ရင် အကုန်ချုပ်ပါတယ်၊ ဒီအတိုင်းသာမှတ်ပါ. . . (မှန်ပါ့)။

## တစ်ပါးရှုလိုက်အကုန်ပါတယ်

ဝိညာဏ်ချုပ်ရင် (နာမ်ရုပ်ချုပ်ပါတယ်ဘုရား) နာမ်ရုပ်ချုပ်ရင် (ဝိညာဏ်ချုပ်ပါတယ်ဘုရား) ဝိညာဏ်ချုပ်တာပဲဆိုတော့ သတိပဋ္ဌာန်လေးပါး ပြားနေပေမယ့် တစ်ပါးရှုလိုက်အကုန်ပါတာကွ (မှန်ပါ့) ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

သတိပဋ္ဌာန်လေးပါး ပြားနေပေမယ့်. . . (တစ်ပါးရှုလိုက် အကုန်ပါပါတယ်ဘုရား)။

■

http://www.thitsarparamisociety.com/



ဘာဖြစ်လို့ လေးပါးကို ဘုရားကလဲ ဟောပါလိမ့်မတုံးလို့ ကိုစောမောင်က ဆင်ခြေလဲချင်လဲမယ်. . . (မှန်ပါ့)။

ဒါက သူ့စရိုက်, သူ့စရိုက် ကြိုက်ရာကြိုက်ကြောင်း ရွေးထားတာ (မှန်ပါ့) တချို့က ဝေဒနာကြိုက်တယ်၊ တချို့က စိတ်ကြိုက်တယ်၊ သဘောကျပလား. . . (ကျပါပြီဘုရား)။

ဟိုဟာက စရိုက်ကြောင့်ထားတာတဲ့၊ ဖြစ်စဉ်ရှုတော့ တစ်ခုရှု အကုန်ပါတာပဲ (မှန်ပါ့) သဘောပါကြလား (ပါပါပြီ)။

ဒါဖြင့် ဒကာ ဒကာမတို့ ဩော်. . . သေပျော်တဲ့တရားဆိုတာ တွေ့ပလား. . . (တွေ့ပါပြီဘုရား)။

ဘယ်သူနဲ့ ဘယ်သူ မေးတာပါလိမ့်. . (ရှင်သာရိပုတ္တရာနဲ့ ရှင်ကောဋ္ဌိကပါ ဘုရား)။

ရှင်သာရိပုတ္တရာကအဖြေဘက်က (မှန်ပါ့) ရှင်ကောဋ္ဌိကက . . . (အမေးဘက်ကပါဘုရား) သူတို့ နှစ်ပါးစလုံးဟာ တကယ့် ဧတဒဂ်ရ ရဟန္တာကြီးတွေ. . . (မှန်ပါ့)။

နောင်လာနောင်သားတွေ မရှုတတ်မှာစိုးလို့ သူတို့နှစ်ပါးခုံတင်ပြီးသကာလ ဘုရားလက်မှတ်ထိုးလိုက်လို့ရှိရင် ဒီဟာဖြင့်လုပ်ရစ်ကြပါစေတော့ ဒို့တစ်ခုတည်း လုပ်နေရလို့ နိဗ္ဗာန်မှရပ့ါမလားဆိုတာ သူတို့ သံသယရှိချင်ရှိမကွာတဲ့-(မှန်ပါ့)။

ဝေဒနာသုံးမျိုးရှုလို့ နိဗ္ဗာန်ရပ့ါမလား၊ စိတ်တစ်လုံးတည်းရှုလို့ နိဗ္ဗာန်ရပ့ါမလားဆိုတာ လာလိမ့်မယ်. . . တဲ့၊ ငါတို့မရှိတဲ့အခါ. . . (မှန်ပါ့)။

http://www.thitsarparamisociety.com/



# တစ်ခုချုပ်ရင် အကုန်ချုပ်တယ်

ငါတို့နှစ်ပါးအမေးအဖြေလုပ်ပြီး တစ်ခုပျက်ရင် အကုန်ပျက်တယ်၊ သဘောကျပလား. . . (ကျပါပြီ) တစ်ခုဖြစ်ရင်. . . (အကုန်ဖြစ်ပါတယ်ဘုရား) တစ်ခုချုပ်ရင်. . . (အကုန်ချုပ်ပါတယ်ဘုရား)။

အဲဒါ သိပါစေတော့လို့ ငါတို့နှစ်ပါးက အမေးအဖြေလုပ်ပြီးသကာလ ရှင်းလင်းပေးတာ ကျုပ်တို့အတွက် - (မှန်ပါ့) ပေါ်ပလား. . . (ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် ဒကာ ဒကာမတို့ မနေ့က စိတ်ဘယ်နှစ်မျိုးပြောခဲ့သတုံး . . . (ဆယ့်လေးမျိုးပါဘုရား)။

ဆယ့်လေးမျိုးကို အဲဒါ ဉာဏ်နဲ့သာ ခင်ဗျားတို့ ရှု- (မှန်ပါ့) ရှုလိုက်လို့ရှိရင်ဖြင့် ရှုစရာမရှိဘူးဆိုလို့ရှိရင် ထွက်စိတ်ဝင်စိတ် ရှုပေး . . . (မှန်ပါ့)။

ပေါ်လာလို့ရှိရင် အာဂန္တုပေါ်လာလို့. . . (အာဂန္တုပဲရှုရပါမယ်ဘုရား) အာဂန္တုဧည့်သည်ပဲရှုပေး၊ အာဂန္တုဧည့်သည်မရှိရင်. . . (အိမ်သည်ကိုရှု) အိမ်သည်ကိုရှုပေး၊ သဘောကျပလား (ကျပါပြီဘုရား)။

အဲဒီလို ရှုလိုက်တော့ တစ်ခုရှုရင် ဘယ့်နှယ်တုံး (အကုန်ပါတယ်သွားပါတယ်ဘုရား)။

http://www.thitsarparamisociety.com/



ဒါဖြင့် ဒီဟာတွေကို ဒကာ ဒကာမတွေက ရွှံ့အောင်၊ မုန်းအောင်လိုက်၊ ဆုံးအောင်လိုက်လို့ရှိရင်ဖြင့် ဒါတွေဟာ ဘာ သစ္စာတွေတုံး. . . (ဒုက္ခသစ္စာတွေပါဘုရား) သဘောပါ ပလား (ပါ-ပါပြီဘုရား)။

ကဲ. . . ယနေ့ဒီတွင် တော်ကြဦးစို့. . . ။

သာဓု . . . သာဓု . . . သာဓု . . . ။

http://www.thitsarparamisociety.com/

စာမူခွင့်ပြုချက် ၅၆/၉၆ (၄)

**ထုတ်ဝေသူ** ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

---

**ပုံနှိပ်သူ** ဦးဝင်းအောင် (မြ ၀၅၁၃၁)၊
သန်းထိုက်ကဲရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

မိုးကုတ်ယောဂီများအတွက် ထုတ်ဝေပါသည်။